# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


> **မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**
>
> မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။
>
> ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၁၃)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးစိုးဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်း ဦး၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယ သမ္မတက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ နှစ်နိုင်ငံသားစနစ်ကို ခွင့်ပြုထားခြင်း မရှိသည့်အတွက် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီး မြှုပ်နှံလိုသူများနှင့် ကျွမ်းကျင်ပညာ ရှင်များ၊ ကျွမ်းကျင်ပညာရှင် မဟုတ်သော်လည်း အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်ပါ နိုင်ငံ၏ အကျိုးကို ဖော်ဆောင်လိုသည့် မြန်မာနိုင်ငံသား ဟောင်းများနှင့် ဆက်စပ် နိုင်ငံခြား သားများ၊ ၎င်းတို့၏မှီခိုသူမိသားစုဝင် များ၊ တစ်ဖက်နိုင်ငံ၏ နိုင်ငံသား အဖြစ် ခံယူထားခြင်းကို စွန့်လွှတ်စရာ မလိုဘဲ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက် နိုင်မည့်အပြင် နိုင်ငံတော်၏ လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို စတင်အကောင်အထည်ဖော် ဆောင် ရွက်ရခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စု အစိုးရအဖွဲ့ အတည်ပြုချက်အရ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေ များကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်တွင် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန က အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) ဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

> **"၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက် အထိ လျှောက်ထားသူ ၄၃၄ ဦး၊ ၂၀၁၅ ခုနှစ်မှ လျှောက်ထားသူ အပါအဝင် ခွင့်ပြုသူ ၄၄၄ ဦး၊ ငြင်းပယ်ခဲ့သူ လေးဦး၊ စိစစ်ဆဲ တစ်ဦးရှိ၊ အကြောင်းအမျိုးမျိုးကြောင့် လူတွေ့လာရောက် စစ်ဆေးခံရန် ၁၀ ဦးကျန်ရှိ"**



အင်းလျားကန်ပန်းခြံ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းခြံနှင့် အားကစားကွင်းများအား ဇန်နဝါရီ ၂၁ ရက်မှစ၍ အချိန်ပိုင်း ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းခြံနှင့် အားကစားကွင်းများအား ဇန်နဝါရီ ၂၁ ရက်မှစ၍ အချိန်ပိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ တားဆီးနိုင်ရေးအတွက် အများပြည်သူ စုဝေး တတ်သော နေရာများဖြစ်သည့် ပြည်သူ့ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အင်းလျားကန်ပေါင်၊ ပန်းခြံများနှင့် အားကစားကွင်းများအား မူလက ဇန်နဝါရီ ၂၀ ရက် အထိ ပိတ်ထားခဲ့ရာမှ ယခုအခါတွင် ပြည်သူများ အနားယူအပန်းဖြေနိုင်စေရန်အတွက် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ အချိန်ပိုင်း ပြန်လည် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုကို ဆက်လက်ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် ပန်းခြံများနှင့် အားကစားကွင်းများအား

*စာမျက်နှာ ၄ ကော်လံ ၁* ❖




မြန်မာ့အလင်း

# မျှော်လင့်ချက် ကမ္ဘာရေးရာ

အမေရိကန်နိုင်ငံရေးဂယက် လှုပ်ရှားပူလောင်နေမှုတို့ တဖြည်းဖြည်းချင်း ငြိမ်သက်အေးချမ်းမှုဘက်သို့ ရွေ့လျားလာသည်ကို တွေ့ရပါသည်။

အမေရိကန်သမ္မတအဖြစ် လေးနှစ်သက်တမ်း တာဝန်ယူခဲ့သော ဒေါ်နယ်ထရမ့် အိမ်ဖြူတော်မှ ထွက်ခွာသွားပြီ ဖြစ်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံရသူ ဂျိုးဘိုင်ဒင်သည် အမေရိကန်နိုင်ငံ၏ ၄၆ ယောက်မြောက် သမ္မတအဖြစ် စတင်တာဝန် ထမ်းဆောင်တော့မည်ဖြစ်သည်။

ဂျိုးဘိုင်ဒင်သည် အမေရိကန်သမ္မတ ဘားရက်အိုဘားမား လက်ထက်က ၂၀၀၉ - ၂၀၁၇ ခုနှစ် ကာလ သက်တမ်းနှစ်ကြိမ်လုံးတွင် ဒုတိယသမ္မတ တာဝန်ယူခဲ့သူဖြစ်၏။ နိုင်ငံရေးနယ်ထဲသို့ မရောက်ခင်က ရှေ့နေတစ်ဦးဖြစ်၏။ အသက်အငယ်ဆုံးအမတ်များထဲက တစ်ဦးအဖြစ် အသက် ၃၀ အရွယ်တွင် အမေရိကန်အထက်လွှတ်တော်သို့ ရောက်ရှိလာသူဖြစ်သည်။

၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မွေးဖွားသူဖြစ်သည့်အတွက် ယခုသမ္မတ တာဝန်ယူချိန်တွင် အသက် ၇၈ နှစ်ကျော်ရှိပြီ။ သာမန်အလုပ်သမားလူတန်းစားမိဘတို့က မွေးဖွားခဲ့ခြင်းဖြစ်ကာ ငယ်စဉ်ကတည်းက ချို့ချို့ငဲ့ငဲ့ဖြင့် ရုန်းကန်ရှင်သန်ခဲ့ရသူ ဖြစ်ပါသည်။

၁၉၆၈ ခုနှစ်မှာ ဥပဒေဘွဲ့ရရှိပြီးသည့်နောက် ရှေ့နေအဖြစ်အသက်မွေးဝမ်းကျောင်း၏။ ဒီမိုကရက်တစ်ပါတီတွင် ပါဝင်ပြီး နိုင်ငံရေးလှုပ်ရှား၏။ တက်ကြွနိုးကြားသူဖြစ်၏။ ၁၉၇၂ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ၏တာဝန်ပေးမှုဖြင့် အထက်လွှတ်တော်တွင် အမတ်ဝင်အရွေးခံ၏။ ဘိုင်ဒင်က မဲဆွယ်စည်းရုံးရေးအလုပ်ကို အပြင်းအထန်လုပ်ရင်း ကြိုးစားရင်းဖြင့် အမေရိကန်အထက်လွှတ်တော်တွင် အသက်ငယ်ဆုံးအမတ်များထဲက တစ်ဦးဖြစ်လာခဲ့သည်။ ဘိုင်ဒင်သည် အထက်လွှတ်တော်အမတ်အဖြစ် တောက်လျှောက်အရွေးခံခဲ့ရပြီး ဒုတိယသမ္မတဖြစ်သည့် ၂၀၀၉ ခုနှစ်ကျမှ အထက်လွှတ်တော်အမတ်အဖြစ်က အငြိမ်းစားယူခဲ့သည်။

အထက်လွှတ်တော်အမတ်ဘဝတွင် နေ့စဉ် အများပြည်သူသုံးရထားစီးကာ လွှတ်တော်တက်ခဲ့သူဖြစ်၏။ ဘိုင်ဒင်သည် အထက်လွှတ်တော်အမတ်အဖြစ် ထင်ရှားသူ၊ လေးစားခံရသူ ဖြစ်လာခဲ့သည်။ ဒီမိုကရက်တစ်ပါတီတွင်း၌ အိုဘားမားနှင့်အပြိုင် သမ္မတလောင်းအဖြစ် ယှဉ်ကာ အရွေးခံသော်လည်း မရခဲ့။ အိုဘားမားက သမ္မတလောင်းဖြစ်ခဲ့သည်။ အိုဘားမားသမ္မတလောင်းဖြစ်လာသည့်အခါ ဂျိုးဘိုင်ဒင်ကို ဒုတိယသမ္မတအဖြစ်ရွေးချယ်လိုက်ကာ အမေရိကန်သမ္မတလောင်း ရွေးကောက်ပွဲဝင်၏။

ဘားရက်အိုဘားမား အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရသည်နှင့်တူ ဂျိုးဘိုင်ဒင်သည်လည်း ဒုတိယသမ္မတဖြစ်လာခဲ့သည်။ ယခုအခါ သမ္မတရာထူး လက်ရှိ ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ခဲ့ပြီး အမေရိကန်နိုင်ငံ၏ ၄၆ ကြိမ်မြောက် သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဒေါ်နယ်ထရမ့်က သူသာ အနိုင်ရသည်ဟုဆိုကာ အမျိုးမျိုးသော ဆန့်ကျင်မှုများ ပြုလုပ်သော်လည်း တရားရုံးများ၏ အဆုံးအဖြတ်အရ ဘိုင်ဒင်သည် အမေရိကန်သမ္မတရာထူးကို ဆက်ခံခဲ့ပြီဖြစ်သည်။

အသက်အငယ်ဆုံး အထက်လွှတ်တော်အမတ်အဖြစ်မှသည် အသက်အကြီးဆုံး အမေရိကန်သမ္မတအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်ပေသည်။ မူလက အသက်အကြီးဆုံးသမ္မတမှာ ရော်နယ်ရီဂင်ဖြစ်ပြီး အသက် ၇၇ နှစ်တွင် ဖြစ်ခဲ့သည်။ ဘိုင်ဒင်မှာ လွန်ခဲ့သော နိုဝင်ဘာလက ၇၈ နှစ်ပြည့်ခဲ့ပြီး ယခုအခါ ၇၉ နှစ်တွင်းသို့ စတင်ချင်းနင်းဝင်ရောက်လာပြီဖြစ်သည်။

အမေရိကန်နိုင်ငံရေးတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ပြီးနောက် အတိုက်အခိုက်များ၊ ဆူပူဆန့်ကျင်မှုများကြားမှ တည်တည်ငြိမ်ငြိမ်ဖြင့် သမ္မတတာဝန်ကို ထမ်းဆောင်တော့မည်ဖြစ်၏။ နိုင်ငံရေးသမားတစ်ဦးအဖြစ် ရင့်ကျက်သော၊ အမြော်အမြင်ရှိသော အဆုံးအဖြတ်များကို ချမှတ်ဆောင်ရွက်မည်ဟု မျှော်လင့်ရသည့် ကတိစကားများကို ပြောကြားခဲ့သည်ဖြစ်ရာ၊ လာမည့်အမေရိကန်သမ္မတသက်တမ်း လေးနှစ်တာကာလတွင် မြန်မာနိုင်ငံနှင့် ပိုမိုကောင်းမွန်သောဆက်ဆံရေးကို ထူထောင်နိုင်ပါစေ၊ ကမ္ဘာ့ရေးရာများကို ပိုမိုထိရောက် မှန်ကန်ကောင်းမွန်သော ရေရှည်တိုးတက်ရေးစနစ်တို့ကို ချမှတ်ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်တောင်းလိုက်ရပါသတည်း။ ။

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်မှု စံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP)

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်ရန်အချက်များ | | ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်/ အဖွဲ့အစည်း |
|---|---|---|---|---|
| ၁။ | ရွေးချယ်မှုလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန် ညွှန်ကြားခြင်း | ၁.၁ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ နေပြည်တော်ကောင်စီတို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများအား ညွှန်ကြားခြင်း | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ / နေပြည်တော်ကောင်စီ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူးမှ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း | ၂.၁ | ကြီးကြပ်ရေးအဖွဲ့ဝင်များ ရွေးချယ်ရန် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| | | ၂.၂ | ကြီးကြပ်ရေးအဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးအပ်ရန် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ညွှန်ကြားခြင်း | |
| ၃။ | ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်တာဝန်ပေးအပ်ခြင်း | ၃.၁ | ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအစည်းအဝေးကို တစ်ပတ်ကြိုတင် ဖိတ်ကြားခြင်းနှင့် ဖိတ်ကြားထားရှိမှုအား မှတ်တမ်းထားခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့၊ လက်ရှိတာဝန် ထမ်းဆောင်ဆဲ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |
| | | ၃.၂ | ရပ်ကွက်/ကျေးရွာအုပ်စု ရွေးချယ်ခြင်းပြီးဆုံးသည်အထိ အိမ်ထောင်စုတစ်စုလျှင် အိမ်ထောင်စုကိုယ်စားလှယ်အဖြစ် တစ်ဦးတည်းကိုသာ အမည်စာရင်းပေးသွင်းစေခြင်း | |
| | | ၃.၃ | ပျက်ကွက်ပါက ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ကြိုတင်အသိပေးခြင်း | |
| | | ၃.၄ | ရွေးချယ်မှုလုပ်ငန်းစဉ်တွင် ပါဝင်မည့် အိမ်ထောင်စုကိုယ်စားလှယ် အမည်စာရင်း ပြုစုခြင်း | |
| | | ၃.၅ | ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက တာဝန်ထမ်းဆောင်လိုသော ရပ်မိရပ်ဖ(၅)ဦး ကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ရွေးချယ်ခြင်း | |
| | | ၃.၆ | ကြီးကြပ်ရေးအဖွဲ့ဝင်အချင်းချင်း အဖွဲ့ခေါင်းဆောင်ကို ညှိနှိုင်းရွေးချယ်ခြင်း | |
| | | ၃.၇ | ကြီးကြပ်ရေးအဖွဲ့ဝင်များအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ခြင်း | |
| ၄။ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ ကျေးရွာတာဝန်ခံ ရွေးချယ်ခြင်း | ၄.၁ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံ ရွေးချယ်မည့်ရက်မတိုင်ခင် တစ်ပတ်ကြိုတင်၍ ဥပဒေပုဒ်မ ၅ ပါ သတ်မှတ်အရည်အချင်းများနှင့် ညီညွတ်သူကို ရွေးချယ်ရန်နှင့် ရွေးချယ်ပုံလုပ်ငန်းစဉ်အဆင့်ဆင့်ကို အိမ်ထောင်စုကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း | ကြီးကြပ်ရေးအဖွဲ့ |
| | | ၄.၂ | ဆယ်အိမ်စု/ရာအိမ်စုများစုဖွဲ့ခြင်းနှင့် ဆယ်အိမ်စု၊ ရာအိမ်စုများစုဖွဲ့မှုကို တစ်ပတ်အတွင်း အများပြည်သူ သိရှိအောင်ကြေညာခြင်း | |
| | | ၄.၃ | ဆယ်အိမ်စုရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ဆယ်အိမ်မှူးကို ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၄ | ရာအိမ်စုရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ရာအိမ်မှူးကို ဆန္ဒမဲပေး ရွေးချယ်စေခြင်း | |
| | | ၄.၅ | ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် ကျေးရွာမှ ရွေးချယ်ခံရသည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ယင်းတို့အနက် တစ်ဦးကို ကျေးရွာတာဝန်ခံအဖြစ် ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၆ | ရွေးချယ်ခံရသူများကို တက်ရောက်သူများ၏ရှေ့မှောက်တွင် ကြေညာခြင်းနှင့် မှတ်တမ်းထားရှိခြင်း | |
| ၅။ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်း | ၅.၁ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်မည့် နေ့ရက်၊ အချိန်၊ နေရာကို သတ်မှတ်၍ ရပ်ရွာအတွင်းနေထိုင်သူများအား တစ်ပတ် ကြိုတင်အသိပေးကြေညာခြင်း | ကြီးကြပ်ရေးအဖွဲ့ |
| | | ၅.၂ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအနက် တစ်ဦးကို အိမ်ထောင်စုကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်း | |
| | | ၅.၃ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်း၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်လက်ဖြည့်သွင်းထားသည့်ပုံစံများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း | |
| ၆။ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်း | ၆.၁ | ကြီးကြပ်ရေးအဖွဲ့မှ တင်ပြလာသော ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံများကို စိစစ်၍ တာဝန်ပေးခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများကို စိစစ်၍ ခန့်အပ်ခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| ၇။ | သတ်မှတ်လုပ်ငန်းစဉ်များ အတိုင်း ဆောင်ရွက်၍ မရခြင်း/ ဥပဒေနှင့် ညီညွတ်မှုမရှိခြင်းတို့ ကြုံတွေ့ပါက ဖြေရှင်းခြင်း | ၇.၁ | သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ၏ လမ်းညွှန်မှုခံယူ ဆောင်ရွက်ခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| | | ၇.၂ | နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရွေးချယ်စေခြင်း | ကြီးကြပ်ရေးအဖွဲ့ |

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ (ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ (၇၅)ပုဒ်ကိုရွေးချယ်ပြီး အပတ်စဉ်သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက် ညတွင် ပွဲစဉ် (၇) ကို ဆက်လက်ဖျော်ဖြေမည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် AURORA တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဂျေမောင်မောင်၊ တူးတူး၊ အောင်အေးချစ်၊ ဟေမာနေဝင်း၊ ယုဇန၊ လိမ္မော်သီးနှင့် ချယ်ရီသင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

◆ *ရှေ့ဖုံးမှ*

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုကော်မတီ၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

**အဓိက ပြင်ဆင်ဖြည့်စွက်ခဲ့**

အစိုးရသစ်လက်ထက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီကို လည်းကောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို လည်းကောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို လည်းကောင်း အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ "နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ" ထုတ်ပြန်ခဲ့သည့် အတွက် ထူးခြားမှုအနေဖြင့် ပြည်ပရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အဖွဲ့ရုံးများတွင်လည်း နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် လျှောက်ထားနိုင်မှုကို အဓိကပြင်ဆင်ဖြည့်စွက်ခဲ့ပါကြောင်း။

မိမိတို့အစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ လျှောက်ထားသူ ၄၃၄ ဦး၊ ၂၀၁၅ ခုနှစ်မှ လျှောက်ထားသူအပါအဝင် ခွင့်ပြုသူ ၄၄၄ ဦး၊ ငြင်းပယ်ခဲ့သူ လေးဦး၊ စိစစ်ဆဲ တစ်ဦး ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လူတွေ့လာရောက် စစ်ဆေးခံရန် ၁၀ ဦး ကျန်ရှိပါကြောင်း။

**တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်**

မိမိတို့အစိုးရလက်ထက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ဆောင်ရွက်မှုမှရရှိသည့် နိုင်ငံခြားရငွေမှာ ကနဦး လျှောက်ထားခြင်းမှ အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် လက်မှတ်နှင့် ကတ်ပြားထုတ်ပေးခြင်းမှ အမေရိကန်ဒေါ်လာ ၂၃၇,၅၀၀ ၊ နှစ်စဉ် သက်တမ်းပြန်လည်အတည်ပြုခြင်းမှ အမေရိကန်ဒေါ်လာ ၁,၀၃၈,၆၀၀ ၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁,၄၂၆,၁၀၀ ကို နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

အကောင်အထည်ဖော်ရေးဗဟိုကော်မတီက စိစစ်ခွင့်ပြုပြီးသူ စုစုပေါင်း ယနေ့အထိ ၆၁၇ ဦး ရှိပါကြောင်း၊ ဗဟိုကော်မတီက စိစစ်ထားသည့် မိသားစုအပါအဝင် ဦးရေ ၇၀ ကို ကိုဗစ်-၁၉ ရောဂါ ကင်းစင်ချိန်တွင် လူတွေ့စစ်ဆေးခံယူရန် ခေါ်ယူပြီး စိစစ်ဆောင်ရွက်ပြီးစီးမှုကို လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြကာ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူများအား နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများကို ဆက်လက်ထုတ်ပေးသွားရန် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်နှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စတင်ဆောင်ရွက်ခဲ့မှုနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှု၊ ခွင့်ပြုလက်မှတ်နှင့် ကတ်ပြားထုတ်ပေးမှု အခြေအနေများ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် နည်းဥပဒေများအရ ကိုက်ညီမှုမရှိ၍ ငြင်းပယ်မှုနှင့် စိစစ်ဆဲအခြေအနေများနှင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**သုံးသပ်ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်တို့က နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့် လျှောက်ထားလာမှုများအပေါ် စိစစ်ဆောင်ရွက်မှု အခြေအနေများ၊ ပြည်ပကျွမ်းကျင်ပညာရှင်များ ပိုမိုလာရောက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေရှည်အထောက်အကူဖြစ်နိုင်မည့် အခြေအနေများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၌ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများနှင့် ပြင်ဆင်သည့်နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းမိသားစုများ ပိုမိုပေါင်းစည်းခွင့်ရပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်မည့်လုပ်ငန်းစဉ်အား အထောက်အကူပြုနိုင်မှု အခြေအနေများကို အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက သုံးသပ်ဖြည့်စွက်ဆွေးနွေးသည်။

**ဆက်လက်ဆောင်ရွက်ခွင့်ပြုပေးသွားမည်**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်နှင့် ပတ်သက်၍ ခေတ်စနစ်နှင့်လျော်ညီစွာ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်အကြံပြုချက်များ တင်ပြလာသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်အတွက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် လျှောက်ထားမှုကို စိတ်ဝင်စားမှု များပြားလာပြီး လျှောက်ထားသူ များလာသည့်အတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုပေးသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသားများ မည်သည့်နိုင်ငံသို့ ရောက်ရှိနေသည်ဖြစ်စေ၊ မည်သည့်နိုင်ငံသို့ သွားရောက်နေသည်ဖြစ်စေ မြန်မာနိုင်ငံသို့ ပြန်လာမည်ဆိုပါက အချိန်မရွေး ကြိုဆိုလက်ခံလျက်ရှိပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားလိုလျှင် လည်းကောင်း၊ မြန်မာနိုင်ငံသားအဖြစ် အပြီးတိုင် ပြန်လာလိုလျှင် လည်းကောင်း ဥပဒေအရငြိစွန်းခြင်းမရှိပါက ပြန်လည်လက်ခံ ဆောင်ရွက်ပေးနေသည်ကို မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ပါကြောင်း။

**စနစ်တကျ စိစစ်လက်ခံပေးနေ**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလများအတွင်း ကမ္ဘာတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်ရှိနေကြသည့် နိုင်ငံသားများကို စနစ်တကျ စိစစ်လက်ခံပေးနေခြင်း၊ ယခင်က ပြည်ပတွင် ရောက်ရှိနေကြသည့် အမည်မည်းစာရင်း ရေးသွင်းထားခြင်း ခံရသူများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် မိမိနိုင်ငံသား ဟုတ်မှန်လျှင် အယုတ်အလတ်အမြတ်မရွေး လက်ခံပါကြောင်း၊ မိမိနိုင်ငံသား ဟုတ်/မဟုတ်ကိုသာ ဥပဒေအရ စိစစ်လက်ခံနေခြင်းကို ကမ္ဘာသိအောင် မိမိတို့အစိုးရက အလုပ်ဖြင့် သက်သေပြလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ကွဲကွဲပြားပြားဖြစ်အောင် ထုတ်ဖော်ပြသနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားလာမှုများနှင့်ပတ်သက်၍ ကော်မတီအဆင့်ဆင့်က အင်တိုက်အားတိုက် စီမံဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားရငွေ ဖော်ဆောင်ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံသားများအတွက် အကျိုးရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုရရှိလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်း အကျိုးကျေးဇူးများရရှိခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ညအပူချိန်များ လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော် အမတ်ဟောင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် ဂျပန်အထက်လွှတ်တော်အမတ်ဟောင်း မစ္စတာ ဝါတာနာဘေး ဟိဒဲအိုအား ယနေ့မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာအသင်းတို့ နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဂျပန်ဘာသာစကားပြောသင်တန်း ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ အလွန်တွင် ဆက်လက်ဆောင်ရွက်မည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး သင်တန်းဆိုင်ရာကိစ္စ၊ The Nippon Foundation နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကိစ္စ၊ ဂျပန်နိုင်ငံ Sustaina-bridge (SB) နှင့် ပူးပေါင်းဖွင့်လှစ်သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ဘားအံ) ကိစ္စ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် စေတနာအဖွဲ့၊ Terra People Association (TPA)၊ JICA၊ Nishida Barley Processing Co.,Ltd တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအား ရင်းနှီးပွင့်လင်းစွာ အသေးစိတ်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အီချီရော မာရုယာမနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့်အခမ်းအနား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၀**

ဒုတိယအကြိမ် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၂)တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် က အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ တက်ရောက်လိုကြောင်း လိုအပ်ချက်များ ပြည့်စုံစွာဖြင့် လျှောက်ထားသူ အထက်တန်းရှေ့နေ ၁၅၆ ဦးကို တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ ထို့နောက် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)၊ ရှေ့နေရှေ့ရပ်ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားတက်ရောက်ရန် ကြေညာထားသူများ အနက် ၂၉၈ ဦး၏ ဝင်ကြေးငွေသွင်းပြေစာနှင့် လွှတ်တော်ရှေ့နေတံဆိပ်ခေါင်းများ ပေးပို့ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်ရှေ့နေများကောင်စီတို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အဆိုပါအခမ်းအနား တက်ရောက်လိုကြောင်း လျှောက်ထားလာသူများနှင့် အထက်တန်းရှေ့နေလိုင်စင်မူရင်းများ ပြန်လည်အပ်နှံပြီး ပြည့်စုံသူ ၃၁၁ ဦးအနက် ယနေ့ ကျင်းပသည့် အခမ်းအနားတွင် ၁၅၆ ဦးကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ထပ်မံကျင်းပမည်ဖြစ်ပြီး ၁၅၅ ဦးကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ❖ *ရှေ့ဖုံးမှ*

ကျန်းမာရေးကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်နိုင်ရန် နေ့စဉ် နံနက် ၅ နာရီမှ နံနက် ၉ နာရီခွဲအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူအပန်းဖြေနေရာများနှင့် ပန်းခြံများတွင် ထားရှိရမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အချက်များမှာ (၁) ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ထားခြင်းမရှိပါက အများပြည်သူအပန်းဖြေနေရာများ၊ ပန်းခြံများအတွင်းသို့ ဝင်ရောက်ခွင့်မပြုရန်၊(၂) အများပြည်သူအပန်းဖြေနေရာများနှင့် ပန်းခြံများအတွင်း ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ထားရန်၊ မိမိနေအိမ်သို့ ရောက်ရှိမှသာလျှင် ပါးစပ်နှင့် နှာခေါင်းစည်းကိုချွတ်ရန်။ (၃)ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ကိုဗစ်-၁၉ သံသယလက္ခဏာ တစ်ခုခုကိုခံစားနေရသူများ၊ လွန်ခဲ့သည့် ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့ခြင်းရှိသူများအနေဖြင့် အများပြည်သူအပန်းဖြေနေရာများသို့ လာရောက်ခြင်း (လုံးဝ) လာရောက်ခြင်းမပြုရန်။ (၄) အသက် ၆၀ နှစ်အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ ကင်ဆာ စသည့်နာတာရှည်ရောဂါရှိသူများအနေဖြင့် အများပြည်သူအပန်းဖြေနေရာများသို့ လာရောက်ခြင်းမပြုရန်။ မဖြစ်မနေလာရောက်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်းနှင့်တွဲဖက်၍ မျက်နှာအကာများကိုပါ တပ်ဆင်ရန်။ (၅) အခြားသူများနှင့် တတ်နိုင်သမျှ ခြောက်ပေအကွာ ခပ်ခွာခွာနေထိုင်သွားလာရန်။ (၆) အများပြည်သူအပန်းဖြေနေရာများတွင် စုဝေးစားသောက်ခြင်း လုံးဝရှောင်ကြဉ်ရန်။ လူအများဝိုင်းဖွဲ့၍ ကျယ်လောင်စွာ စကားပြောဆိုခြင်းနှင့် သီချင်းဆိုခြင်းများ ရှောင်ကြဉ်ရန်။ (၇) အပန်းဖြေနေရာများတွင် အများသုံးပစ္စည်းများကို တတ်နိုင်သမျှ မကိုင်တွယ်ရန်။ မဖြစ်မနေကိုင်တွယ်ပါက မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနှင့် ရေအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် ၂၀ အကြာ စနစ်တကျ ဆေးကြောရန် (သို့မဟုတ်) အယ်ကိုဟောလ် (၆၀%) နှင့် အထက်ပါဝင်သော ရေမလိုလက်သန့်ဆေးရည်ကို အသုံးပြုရန်။ (၈) အများပြည်သူအပန်းဖြေနေရာများတွင် အနည်းငယ်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်မည် ဆိုပါက တစ်ဦးနှင့် တစ်ဦးအနည်းဆုံး ၅ ပေ အကွာခွာ၍ ဆောင်ရွက်ရန်။ (၉) အမှိုက်များကို သတ်မှတ်အမှိုက်စွန့်ပစ်ရန်နေရာများ၊ အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျစွန့်ပစ်ရန်နှင့် (၁၀) ကိုဗစ် -၁၉ ကာကွယ်ရန်အတွက် လူတိုင်း၊ မိသားစုတိုင်းအနေဖြင့် တစ်ဦးနှင့်တစ်ဦး အသိပေး၊ သတိပေးကြရန်တို့ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – လင်းညွှန့်**

## ❋ *ကျောဖုံးမှ*

ကမာကဆစ်ဈေး၊ ဒလမြို့မဈေးတို့တွင် ခရီးသွားမိဘပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ကြသော ပြည်သူများအား ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေးအတွက် Stop Covid-19 အဝါရောင်ကမ်ပိန်း လူထုလှုပ်ရှားမှုကို ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် (၆) ဒေါ်သန်းမြင့်အောင်၊ ကော်မတီဝင် (၁၁) ဦးမင်းဟန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန ဒုတိယဌာနမှူး ဦးသန့်ဇင်ထွန်း နှင့် တာဝန်ရှိသူများ၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး အောင်နိုင်ဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာ ထွန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် ဝန်ထမ်းများ၊ ပူးပေါင်းပါဝင်၍ မိဘပြည်သူများအား Stop Covid-19 အဝါရောင်ကမ်ပိန်းပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးသရုပ်ဖော်ခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းများနှင့် အသိပညာပေးပိုစတာတို့ကို အခမဲ့ပေးဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ဒလမြို့လယ်ကောင်နာရီစင်၌ လမ်းသွား လမ်းလာပြည်သူများ၊ ကမာကဆစ်ဈေးနှင့် ဒလမြို့မဈေးတို့၌ ဈေးရောင်း၊ ဈေးဝယ်ကြသောပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်စေရေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာနိုင်စေရေးအတွက် အသိပညာပေးပြောကြားခြင်းနှင့် နှာခေါင်းစည်းများ ပေးဝေကြကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**
**ဓာတ်ပုံ-သက်ကိုကိုမောင်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၂၀** – ကချင်ပြည်နယ်တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာရ်လို့စ် အန်တိုနီယို ဒါ ရိုချာ ပါရာညော့်စ် အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကာရ်လို့စ် အန်တိုနီယို ဒါ ရိုချာ ပါရာညော့်စ် အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ဘရာဇီး နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသုတေသနကဏ္ဍ၊ စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့ပြင် တောင်ဘက်ခြမ်းနိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation) မူဘောင်အောက်တွင် လည်းကောင်း၊ နိုင်ငံတကာ မျက်နှာစာတွင်လည်းကောင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား စတုတ္ထအကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲ ပြန်လည်ကျင်းပနိုင်ရေး အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ဖြေရှင်းရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# နေပြည်တော်တွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန စတင်တည်ဆောက်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများ စိုက်ပျိုးရေး ထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အဆောက်အဦ ပန္နက်တင်အခမ်းအနားတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အဆောက်အဦပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညဈေးအနီးရှိ သတ်မှတ်မြေနေရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)မှ ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo နှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အဆောက်အဦ ပန္နက်တင်အခမ်းအနားကို ဆောင်ရွက်ကြသည်။

### အဓိက အရေးပါလျက်ရှိ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ က မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စိုက်ပျိုးသီးနှံ ထုတ်လုပ်ရေးကဏ္ဍသည် အဓိက အရေးပါလျက်ရှိပြီး နေ့စဉ် စားသုံးမှုအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးကောင်းမွန်ပြီး အာဟာရတန်ဖိုးမြင့်မားရေး၊ ပြည်တွင်းဖူလုံစွာစားသုံးနိုင်ရေးနှင့် နိုင်ငံခြားဈေးကွက်သို့ အဆင့်အတန်းမီ တင်ပို့နိုင်ရေးတို့အတွက် များစွာအရေးပါလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်ကုန်များ လေလွင့်ဆုံးရှုံးမှုများပြားနေခြင်းကို လျှော့ချနိုင်ရေးအတွက် နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည့်နည်းတူ မြန်မာနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်စနစ် တိုးတက်လာစေရေး၊ တောင်သူအိမ်ထောင်စုများ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက် ယခုကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်ဌာနနှင့် ထုတ်ကုန်ပြုပြင်ရေးဌာန တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းအတွက် ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ ထုတ်လုပ်သူတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများနှင့် ဒေသနေတောင်သူလယ်သမားများ၏ အကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေရန် မျှော်မှန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာ က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ KOICA ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo က ကျေးဇူးတင်စကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန တည်ထောင်ခြင်းစီမံကိန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုရီးယားနိုင်ငံ၏ အကူအညီ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇ သန်းဖြင့် ၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းကို စိုက်ပျိုးထုတ်လုပ်သူနှင့်စားသုံးသူ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနကို လည်းကောင်း၊ ရှမ်းပြည်နယ် ဟဲဟိုးမြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပြုပြင်ရေးဌာနကိုလည်းကောင်း တည်ဆောက်သွားမည်ဖြစ်သည်။

### ထွက်ကုန်များကို လက်လှမ်းမီရရှိနိုင်

ယင်းစီမံကိန်းပြီးစီးပါက ထုတ်လုပ်သူတောင်သူများအတွက် စိုက်ပျိုးထွက်ကုန်များ၏ ဈေးကွက်သတင်းအချက်အလက်များကို ရရှိစေခြင်းဖြင့် ဈေးကွက်တည်ငြိမ်မှုအခြေအနေများကို ဖန်တီးပေးနိုင်မည်ဖြစ်ကာ အဆင့်မြင့်ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ ထုတ်ကုန်စံချိန်စံညွှန်းများ၊ အစားအစာဘေးကင်းလုံခြုံမှု စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် စားသုံးသူများအနေဖြင့်လည်း အရည်အသွေးကောင်း၍ ဘေးကင်းလုံခြုံသော စိုက်ပျိုးရေးထွက်ကုန်များကို လက်လှမ်းမီရရှိနိုင်မည်ဖြစ်သည်။

အဓိက စိုက်ပျိုးထုတ်လုပ်သည့် နေရာများတွင် ထုတ်ကုန်များ တန်ဖိုးမြှင့်တင်ခြင်းဖြင့် ကနဦး စိုက်ပျိုးထုတ်လုပ်သူအဆင့်မှာပင် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်ကို တိုးတက်လာစေရန် ရည်ရွယ်၍ ယခုတည်ဆောက်မည့် နေပြည်တော် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာန နှင့် ဟဲဟိုးမြို့တွင် ဆောင်ရွက်မည့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန် ပြုပြင်ရေးဌာန (Agricultural Product Processing Center - APPC) များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဌာနများက စိုက်ပျိုးရေးထုတ်ကုန်များ အုပ်စုခွဲခြင်း၊ ထုပ်ပိုးခြင်း၊ အဆင့်အတန်းခွဲခြားခြင်း၊ စံသတ်မှတ်ခြင်း၊ ကုန်အမှတ်တံဆိပ် သတ်မှတ်ခြင်း၊ အအေးခန်း သိုလှောင်ခြင်းနှင့် ထုတ်ကုန် ပြုပြင်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် တောင်သူအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေခြင်းဖြင့် တောင်သူလယ်သမားများကိုယ်တိုင် သီးနှံဈေးနှုန်းညှိနှိုင်းနိုင်ကြမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ စနစ်တကျဖြင့် အရှိန်အဟုန်ကောင်းစွာ အောင်မြင်လာစေရန် စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် စည်ပင်သာယာရေးများဌာနတို့ ပူးပေါင်း၍ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက် ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းထံမှ သိရသည်။

ဈေးကွက်ဌာနများမှတစ်ဆင့် ဈေးကွက်သတင်းအချက်အလက်ပံ့ပိုးခြင်း၊ ထုတ်လုပ်သူ တောင်သူအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေခြင်း၊ ထုတ်ကုန်များ စံချိန်စံညွှန်းနှင့် ပြည့်မီလာစေခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ခြင်းတို့အပြင် အအေးခန်းသိုလှောင်နိုင်ခြင်းကဲ့သို့ အခြေခံအဆောက်အဦဆိုင်ရာလုပ်ငန်းများ ပိုမိုအားဖြည့်ပေးနိုင်ခြင်းတို့ကြောင့် ပိုမိုယုံကြည်စိတ်ချရသော စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်စနစ်များ ဖွံ့ဖြိုးလာစေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (ADS) ၏ မျှော်မှန်းရလဒ်များ ရရှိနိုင်ရန်အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ်ဆောင်းပါး

# ၇၅ နှစ်ကြာ သတင်းပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေခြင်း

ဒေါက်တာချစ်စံ (ချစ်စံဝင်း)

ဗန်ကောက်မြို့တော်ရှိ ဆူကွန်းဗစ်လမ်းမကြီးသည် ဗန်ကောက်မှ ကမ္ဘောဒီးယားနယ်စပ်တိုင် ရှည်လျား၍ လှပတင့်တယ် ဂုဏ်ဝင့်ထည်သော အရှေ့တောင်အာရှ လမ်းမကြီးတစ်စင်း ဖြစ်ပါသည်။ ဆူကွန်းဗစ်လမ်းမကြီး အလား၊ လှပတင့်ဆန်းဂုဏ်ဝင့်လျှမ်းသည့် မြန်မာ့လမ်းမကြီး တစ်စင်းသည်ကား ရန်ကုန်မြို့မှ မြေလတ်ပိုင်းရှိ ပြည်မြို့သို့တိုင် ရှည်လျားသည့် အရှေ့တောင်အာရှ တစ်လွှား ဂုဏ်ဝင့်ကြွားဖွယ်ရာဖြစ်သော ပြည်လမ်းမကြီး ဖြစ်ပါသည်။

ရန်ကုန်မြို့ ပြည်လမ်းမကြီးပေါ်ရှိ ဟံသာဝတီအဝိုင်းကြီးနှင့် မျက်စောင်းထိုး ခေါ်လွယ်ခုတ်ကျကျတွင် သစ်ရိပ်သစ်ပင်တို့ ဝိုင်းပတ်ခြံရံလျက်ရှိနေသော အဆောက်အအုံသည်ကား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Myanmar Radio and Television MRTV) အဆောက်အအုံ ဖြစ်ပါသည်။

နှစ်လရှည်ကြာလာပါက တိုင်းနိုင်ငံတစ်ခုခုဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ဖြစ်စေ၊ မမေ့ကောင်းစရာ အတိတ်ဇာတ်ကြောင်း၊ သမိုင်းကြောင်းများသည်ရှိစမြဲ၊ ကျန်ရစ်စမြဲ ဖြစ်ပါသည်။ ၇၅ နှစ်မြောက်ရှိခဲ့ပြီဖြစ်သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလုပ်ငန်းကြီးတွင်လည်း မမေ့ကောင်းစရာ အတိတ်ဇာတ်ကြောင်းများသည်လည်း ပြောမဆုံးနိုင်အောင်ပင် ရှိပါမည်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း) ရုံးချုပ်ကို တွေ့ရစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanmar Radio and Television) လုပ်ငန်းကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ၂၈ ဝင်ဒါမီယာခရက်ဆင့်တွင် စတင်ထူထောင်ခဲ့သည်ဟု သိရသည်။ ၁၉၄၆ ခုနှစ်က စတင်ထူထောင်သည်ဟု ဆိုသောကြောင့် သက်တမ်းအားဖြင့် ၇၅ နှစ် စိန်ရတုကာလတိုင်ရောက်ခဲ့ပြီဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို Burma Broadcastion Service (BBS) ဗမာ့အသံအမည်ဖြင့် ဖဆပလအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးနုက စတင်တည်ထောင်ခဲ့သည်ဟု သိရသည်။ ဝန်ကြီးချုပ်ဦးနုသည် ထိုစဉ်က မြန်မာ့အသံနှင့်အတူ အရှေ့တောင်အာရှတွင် အကြီးမားဆုံးဖြစ်သော မင်္ဂလာဒုံလေဆိပ်နှင့် ရန်ကုန်မြို့ ကုန်သည်လမ်းပေါ်ရှိ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတို့ကိုပါ တစ်ပြိုင်နက်တည်း ရည်ရွယ်ချက် မြင့်မြင့်မားမားဖြင့် ထူထောင်ခဲ့သည်ဟု သိရသည်။

ကျွန်တော်သည် မြန်မာ့အသံ၏ မမေ့ကောင်းစရာ အတိတ်ဇာတ်ကြောင်းတို့ကို စဉ်းစားရင်း အတိတ်က မြန်မာ့အသံ၏ ဖြစ်ရပ်များကို တွေးနေမိပါ၏။

မြန်မာ့အသံနှင့် ကျွန်တော်ပထမဆုံး ပတ်သက်ခဲ့ဖူးသည်မှာ ၁၉၅၇ ခုနှစ်ကဖြစ်သည်။ ထိုနှစ်က ကျွန်တော်သည် ပဲခူးမြို့ အထူးသဒ္ဒါသင်အထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ တစ်နိုင်ငံလုံးမှ ဆယ်တန်းအောင်စာရင်းကို ရေဒီယိုမှ အသံလွှင့်ထုတ်ပြန်ကြေညာပေးသဖြင့် ကျွန်တော့်နာမည်ကို ကျွန်တော် ရေဒီယိုမှ ပြန်ကြားရသည်။ ဒါသည်လည်း ကျွန်တော့်ဘဝတွင် မမေ့နိုင်စရာတစ်ခုပါ။

ဒုတိယအကြိမ် ကျွန်တော်နှင့် မြန်မာ့အသံတို့ ပတ်သက်ခဲ့ဖူးသည်မှာ ကျွန်တော့်တွင် အဒေါ်တော်သူ ကျောင်းဆရာမတစ်ယောက်ရှိသည်။ ထိုအဒေါ်ဖြစ်သူက ရန်ကင်းတွင် ဆရာဖြစ်သင်တန်းတက်နေရာမှ ဗမာ့အသံမှ အရာရှိတစ်ဦးဖြစ်သူ ဦးမောင်မောင်ခင်နှင့် အိမ်ထောင်ကျသည်။ ဦးမောင်မောင်ခင်က "တာရာ"ဆိုသော စာအုပ်တစ်အုပ်ကို ဘာသာပြန်ထုတ်ဝေသည်။ ဒီတော့ ကျွန်တော်သည်လည်း ဗမာ့အသံသို့ ဝင်ဖူး၊ ထွက်ဖူး အကြိမ်ကြိမ်ရှိလာသည်။ ထို့နောက် ကျွန်တော်စာရေးဆရာ ဖြစ်လာတော့ မြန်မာ့အသံက ကျွန်တော့်ဆောင်းပါးများကို ဖတ်ကြားအသံလွှင့်ခြင်း၊ ဝတ္ထုများကို ဇာတ်လမ်းဖန်တီးအသံလွှင့်ပေးခြင်းများ ပြုလုပ်လာရာက မြန်မာ့အသံနှင့် ကျွန်တော် နီးစပ်မှုပိုများလာသည်။ ထို့နောက်တွင်တော့ မြန်မာ့အသံနှင့် ကျွန်တော် အဝင်အထွက်ရှိလာသည်။

ထိုမျှသာမက မြန်မာ့အသံဝန်ထမ်းဖြစ်ကြသူများနှင့် မိတ်ဆွေရောင်းရင်းဖြစ်လာကြသည်။ အစိုးရဌာနများ၊ ဝန်ကြီးဌာနများက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲများသို့ ကျွန်တော်တို့နှင့် မြန်မာ့အသံသတင်းသမားများ အတူသွားကြရာမှ ကျွန်တော်တို့သည် သတင်းယူဘက်၊ သတင်းဖလှယ်ဘက် ဖြစ်လာသည်။

ထိုစဉ်က ပရိသတ်အသည်းစွဲ မြန်မာ့အသံသတင်းသမားများကို ပြန်လည်မှတ်မိသမျှ တင်ပြရသော် ကမ္ဘာ့ဂီတသတင်းများကို ကြေညာသူ အဘ ဦးသန်းမြင့်၊ ဇာတ်လမ်းပမာစီစဉ်သူ မိတ်ဆွေကြီး စန္ဒရားအောင်ခင်၊ တိုက်ရိုက်ထုတ်လွှင့်သော ဘောလုံးပွဲသတင်းနှင့် အခြားသတင်းများ ကြေညာသူ သခင်တင်ဦး၊ ညွှန်ကြားရေးဝန် (စာရေးဆရာ K ) ဦးခင်ဇော်၊ ဒေါ်သန်းနှစ် (ပြုံးခင်ဇော်၏မိဘများ) ဦးခင်အောင်တင်၊ ဘောလုံးပွဲသတင်းကြေညာသူ ကိုဝင့်အောင်တို့သည် ကျွန်တော်မှတ်မိသမျှ၊ သတိရသေးသမျှ မြန်မာ့အသံဝိုင်းတော်သားများ၊ မြန်မာ့အသံဘက်တော်သားများ ဖြစ်ပါသည်။

အမှတ် ၂၈-ဝင်ဒါမီယာကရက်ဆင့်တွင် မြန်မာ့အသံ စတင်ဖွဲ့စည်းကတည်းက ပါဝင်လုပ်ဆောင်ခဲ့သူ ညွှန်ကြားရေးဝန် ဦးဖေသော်-ဒေါ်လှထယ်၊ အင်္ဂလိပ်ပိုင်းအစီအစဉ်မှ ဦးလှဘူး-ဒေါ်လှညွှန့်၊ ဒေါ်ယုယုမြိုင်၊ ဒေါ်ချိုချိုသင်းကလေး၊ ဦးဘစိုးတင်၊ ဦးအယ်ဒီသွင်၊ အယ်လ်ဆင်ထွန်းငွေတို့သည်လည်း မြန်မာ့အသံ၏ မမေ့ရက်စရာ ဝိုင်းတော်သားများဖြစ်ပါ၏။ ထို့ပြင် ရုပ်ရှင်သရုပ်ဆောင်မင်းသားကြီး ဗိုလ်ဗကို၏ ဇနီး ဒေါ်ခင်ခင်ကြည်၊ လေးစားစရာ သတင်းကြေညာသူ အစ်မကြီး ဒေါ်မြနှစ်၊ မိတ်ဆွေကြီး ကိုဖိုးအေး၊ လူကြိုက်များလှသော သီရိဂေဟာအစီအစဉ်ကို စီစဉ်သူ ဦးအောင်မြင့်နှင့် ဒေါ်ခင်ခင်ကြည် (ကိုမြသီး-မခင်မူ)၊ ဒေါ်ခင်သိန်းဆွေ၊ ဒေါ်မေလှမြိုင်၊ ဒေါ်ခင်မာလာထွန်း၊ ဒေါ်ချစ်စံပယ်၊ ဒေါ်မာမာအေး၊ ဒေါ်တင်တင်မြ၊ ခေတ်ပြားတိုက်မှူး တွံတေးသိန်းတန်တို့သည်လည်း အတွဲညီညီဖြင့် မြန်မာ့အသံကို မေ့မရအောင် ဖန်တီးလုပ်ဆောင်ခဲ့ကြသောဝန်ထမ်းများ ဖြစ်ပါ၏။ အခြားသူများလည်း ရှိနိုင်ပါသေးသည်။ ကျန်ရစ်ခဲ့ပါက ကျွန်တော်လည်း အသက် ၈၀ ကျော်ပြီဖြစ်၍ ခွင့်လွှတ်ဖို့ရန်သာရှိပါသည်။

လွတ်လပ်ရေးရယူပြီးသည့် အချိန်မှစ၍ ၇၅ နှစ်သက်တမ်းတိုင် သယ်ပိုးထမ်းရွက်ခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ၏ အသံလွှင့်၊ အသံဖြန့်တာဝန်ကြီးများသည်ကား ကြီးမားများပြားလှပါပေ၏။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူတို့အား-

(၁) သတင်းပေးသည့်တာဝန်

(၂) ပညာဗဟုသုတပေးသည့် တာဝန်နှင့်

(၃) ဖျော်ဖြေရေးတာဝန်ဆိုသည့် နိုင်ငံအတွက် အရေးကြီးသော တာဝန်ကြီးသုံးရပ်ကို ၇၅ နှစ်တာ ကာလပတ်လုံး တာဝန်ယူခဲ့သည်။

**"မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanmar Radio and Television) လုပ်ငန်းကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ၂၈ ဝင်ဒါမီယာ ခရက်ဆင့်တွင် စတင်ထူထောင်ခဲ့သည်။ ၁၉၄၆ ခုနှစ်က စတင်ထူထောင်သည်ဟု ဆိုသောကြောင့် သက်တမ်းအားဖြင့် ၇၅ နှစ် စိန်ရတုကာလတိုင် ရောက်ခဲ့ပြီဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို Burma Broadcastion Service (BBS) ဗမာ့အသံအမည်ဖြင့် ဖဆပလအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးနုက စတင်တည်ထောင်ခဲ့သည်။ ဝန်ကြီးချုပ် ဦးနုသည် ထိုစဉ်က မြန်မာ့အသံနှင့်အတူ အရှေ့တောင်အာရှတွင် အကြီးမားဆုံးဖြစ်သော မင်္ဂလာဒုံလေဆိပ်နှင့် ရန်ကုန်မြို့ ကုန်သည်လမ်းပေါ်ရှိ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတို့ကိုပါ တစ်ပြိုင်နက်တည်း ရည်ရွယ်ချက် မြင့်မြင့်မားမားဖြင့် ထူထောင်ခဲ့သည်"**

### ပြည်သူသို့ သတင်းပေးတာဝန်

မြန်မာ့အသံသည် ၇၅ နှစ်တာကာလအတွင်း ပြည်သူလူထုအား သတင်းပေးသည့်တာဝန်ကို ယူခဲ့ရုံသာမက အသိပညာဗဟုသုတပေးသည့် တာဝန်ကိုလည်း ယူခဲ့သည်။ ည ၈ နာရီ သတင်းတီးလုံးလာပါက တိုင်းပြည်တွင် ဘယ်လိုသတင်းကောင်းတွေ၊ သတင်းဆိုးတွေများ ထွက်ပေါ်လာမည်ကို ပြည်သူတစ်ရပ်လုံးက နားစွင့်နေကြသည်။ ယင်းတီးလုံးမှာ ရွာစားကြီး စိန်ဘမောင်၏ လက်သံဟု သိရသည်။ ပြည်သူတို့သည် တစ်နိုင်ငံလုံးနှင့် ပတ်သက်သောသတင်းများ၊ နောက်ဆုံးဖြစ် နိုင်ငံတကာသတင်းများကို မြန်မာ့အသံ ည ၈ နာရီ သတင်းအစီအစဉ်မှ သိရသည်။ တပ်မတော်က အာဏာသိမ်းသည့်သတင်း၊ ငွေစက္ကူများကို တရားမဝင်ကြေညာခြင်း၊ ပါလီမန်ဖျက်သိမ်းခြင်းစသော တိုင်းတုန်၊ ပြည်တုန်သတင်းများကို ည ၈ နာရီ မြန်မာ့အသံအစီအစဉ်မှပင် ကြားကြရသည်။ ၇၅ နှစ်ကြာ ပြည်သူလူထုအား သတင်းပေးသည့် တာဝန်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက သတင်းတာဝန် ကျေပွန်ခဲ့ပါသည်။

### ပညာပေးတာဝန်

၇၅ နှစ်တာကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူလူထုအား အသိပညာပေးတာဝန်၊ အသိဉာဏ်ဗဟုသုတပေးတာဝန်စသည်တို့ကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်သာမက စိုက်ပျိုးရေးနိုင်ငံကြီးတစ်နိုင်ငံဖြစ်သော အမိနိုင်ငံအတွက် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဗဟုသုတသတင်းများကိုလည်း ဖြန့်ချိခဲ့သည်။ ကျန်းမာရေး၊ ရောဂါဘယကင်းရှင်းရေး၊ စာရိတ္တကောင်းမွန်ရေး၊ လူမှုရေး၊ ဗဟုသုတတိုးပွားရေး၊ မိသားစုဘဝ သာယာစိုပြည်ရေး တာဝန်များကို မြန်မာ့အသံက စေ့စေ့စပ်စပ်ပညာပေးခဲ့သည်။ ကျန်းမာရေးပညာပေးတာဝန်များကို ထမ်းဆောင်ရာတွင် ကလေးအထူးကုသမားတော်ကြီး ပါမောက္ခ ဦးတင်ဦး၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မီးယပ်နှင့် သားဖွားပါမောက္ခဆရာဝန်ကြီး ဒေါ်မြမြ၊ ဒေါက်တာ ဒေါ်ရီရီလှ၊ ဒေါက်တာ အောင်ခင်ဆင့်၊ သွေးလွန်တုပ်ကွေးမှ တာဝန်ခံဆရာဝန်ကြီး ဒေါ်မျိုးအေး၊ ကျောင်းကျန်းမာရေးမှ ဒေါက်တာ ဒေါ်မမရီ၊ ဒေါက်တာတင်ထွန်းဦး၊ လူမှုဝန်ထမ်းမှ ဒေါ်မြတ်မွန်၊ ပါမောက္ခဆရာကြီး ဒေါက်တာ မောင်မောင်ညိုနှင့် ဆရာမဒေါက်တာ နန်းဥမ္မာ အစရှိသော ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများသည် မြန်မာ့အသံနှင့်တွဲ၍ လူထုကျန်းမာရေးပညာပေးလုပ်ငန်းများကို လုပ်ခဲ့ကြသည်။ ဆရာကြီးဦးတင်ဦးသည် ပန်းသီးတစ်လုံးနှင့် မြေပဲလက်တစ်ဆုပ်တွင် မြေပဲလက်တစ်ဆုပ်က အာဟာရဓာတ်ပိုများ၍ ပန်းသီးတစ်လုံးက စျေးပိုကြီးကြောင်း အသိဉာဏ်တော်လှန်ရေး အယူအဆများကို မြန်မာ့အသံနှင့်တွဲ၍ ကလေးကျန်းမာရေးအသိပညာ ဗဟုသုတပေးခဲ့သည်မှာ အမှတ်တရဖြစ်ပါသည်။ မြန်မာ့အသံသည် အစိုးရဝန်ကြီးဌာနအားလုံးနှင့် တွဲဖက်ကာ လူထုပညာပေးလုပ်ငန်းအရပ်ရပ်ကို ၇၅ နှစ်တာ ထမ်းဆောင်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ လူပုဂ္ဂိုလ်အရဆိုလျှင်လည်း သိပ္ပံဆိုင်ရာအကြောင်းအရာများကို စာပေဗိမာန်မှ ဦးမျိုးသန့် (မောင်ဆုရှင်)၊ သိပ္ပံမှူးတင် အစရှိသော စာရေးဆရာကြီးများသည် ဆယ်စုနှစ်နှင့်ချီကာ မြန်မာ့အသံမှနေ၍ သိပ္ပံဆိုင်ရာပညာပေးဟောပြောမှုများကို လုပ်ဆောင်ခဲ့သည်။ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင်လည်း ပညာရှင်များသည် မိမိတို့ တတ်သိကျွမ်းကျင်သော အနုပညာအရပ်ရပ်ကို မြန်မာ့အသံမှတစ်ဆင့် အသံလွှင့်မှတ်တမ်းတင်ခဲ့သည်မှာ အမှတ်တရဖြစ်သည်။

**ဖျော်ဖြေရေးတာဝန်**

တောင်သူလယ်သမား အလုပ်သမားများ၊ ယဉ်ကျေးမှုအနုပညာရှင်များ၊ ပြည်သူ့ဝန်ထမ်းများသည် လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် မိမိတို့နိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်စေရန် နေ့စဉ်အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ပင်ပန်းကြီးစွာ တာဝန်ထမ်းဆောင်ကြသူများအတွက် ပြည်သူများ အပန်းပြေစေရန် မြန်မာ့အသံသည် အနုပညာအရပ်ရပ် တေးဂီတအဖုံဖုံ အကအခုန် အဆိုအတီး ကဏ္ဍအစုံအလင်ဖြင့် အနုပညာဖျော်ဖြေမှုအဖုံဖုံကို ပေးခဲ့သည်။ စာပေ၊ ဂီတ၊ အပြောအဟော၊ ကွက်စိပ်၊ သီချင်း၊ ဆိုင်း၊ အငြိမ့်၊ တစ်ပင်တိုင်၊ ဇာတ်ပါမကျန် အနုပညာကဏ္ဍအရပ်ရပ်တွင် ကဏ္ဍတိုင်း လစ်လပ်မှုမကျန်ရှိအောင် အစီအစဉ်များ ပြုလုပ်၍ ဖျော်ဖြေမှုများ ပြုခဲ့သည်မှာ မြန်မာ့အသံပင် ဖြစ်ပါသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ၏ ဗီဒီယို/အော်ဒီယို လေ့ကျင့်သင်ကြားမှု။

**မြန်မာ့အသံနှင့် တစ်နှစ်တာ**

ကျွန်တော့်အတွက် သတင်းစာဆရာ စာရေးဆရာဘဝ မြန်မာ့အသံနှင့် နှစ်စဉ် တွဲဖက်လုပ်ဆောင် ဖြတ်သန်းရသည့် အချိန်အခါများကလည်း လွမ်းစရာ၊ သတိရဖွယ်ရာဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးနေ့သည် ဇန်နဝါရီလ ၄ ရက်နေ့ဖြစ်သည်။ လွတ်လပ်ရေးနေ့တွင် တစ်ချိန်က သူ့ကျွန်ဘဝရောက်ခဲ့ရသည်ကို ပြန်ပြောင်းသတိရရန် စာရေးဆရာတို့က ရေးကြသားကြ၍ ပြည်သူလူထုကြီးအား သတိပေးကြရသည်။ ထိုအချိန်တွင် မြန်မာ့အသံကလည်း သူ၏ နေ့စဉ်အစီအစဉ်တို့ဖြင့် သူ့ကျွန်ဖြစ်ခဲ့ရသည့်ဖြစ်ရပ်များကို ပြည်သူတို့ မေ့ပျောက်ခြင်းမရှိရအောင် စီစဉ်သည်။ ထိုသို့ စီစဉ်ရာတွင် ဇာတ်လမ်းပမာနားဆင်စရာ အစီအစဉ်ဖြင့်လည်းကောင်း၊ တေးဂီတအစီအစဉ်များဖြင့် လည်းကောင်း၊ ဟောပြောမှုအစီအစဉ်ဖြင့် လည်းကောင်း စီစဉ်ကြသည်။ ထိုအစီအစဉ်များတွင် စာရေးဆရာများ၊ သတင်းစာဆရာများကလည်း သူ့ကဏ္ဍနှင့်သူ ပါဝင်ကူညီကြသည်။ ထိုအစီအစဉ်များတွင် ပါဝင်ရသည်ကလည်း ပျော်စရာဖြစ်သည်။ ထိုအစီအစဉ်များတွင် ကျွန်တော်က ဇာတ်ညွှန်းဇာတ်လမ်းအကြောင်းအရာ ရွေးချယ်ရေးသားရသည့်ကဏ္ဍမှ ပါဝင်ရသည်က များလှသည်။

ဖေဖော်ဝါရီလတွင် ပြည်ထောင်စုနေ့ရှိသည်။ ညီအစ်ကို တိုင်းရင်းသားများအကြောင်းကို ဂီတဖြင့် သီဆိုကြ၊ လက်ခုပ်လက်ဝါးဖြင့် သံပြိုင်သီဆိုကြရသည်များကလည်း ပျော်စရာကောင်းပါသည်။ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့များတွင်လည်း အလားတူ အစီအစဉ်များ ပြုလုပ်ကြသည်။ မြန်မာ့အသံမှ သူငယ်ချင်းရောင်းရင်း လုပ်ဖော်ကိုင်ဖက်တို့သည်လည်း အများအစား မရှိတော့ပြီဖြစ်သည်။ ၇၅ နှစ်ဆိုသော ကာလတွင် မြန်မာ့အသံကို ရောက်၍မှ သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ ဘဝရောက်ကြရပါသည်။ ဘာပဲဖြစ်ဖြစ် မြန်မာ့အသံ ၇၅ နှစ်မြောက် အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ထုတ်မည်ဟု ဆိုသဖြင့် အဲဒီမဂ္ဂဇင်းထဲတွင် ဆောင်းပါးတစ်ပုဒ်တော့ ရေးသားရန် စိတ်ကူးနေချိန်တွင် မဂ္ဂဇင်းကော်မတီက မြန်မာ့အသံအထိမ်းအမှတ် မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်စောင်တောင်းလာ၍ ဝမ်းသာအားရ ကြိုးစားပြီး ရေးလိုက်ရပါ၏။

၇၅ နှစ်မြောက် မြန်မာ့အသံ မဂ္ဂဇင်းကော်မတီက ဆောင်းပါးတစ်စောင်တောင်းကြောင်း ဇနီးဖြစ်သူအား ပြောပြတော့ ဇနီးဖြစ်သူက “မြန်မာ့အသံအတွက် ရေးစရာတွေက အများကြီးပါ၊ ရှင်ရေးနိုင်ပါတယ်၊ ဒီနေ့က ဒီဇင်ဘာလ ၁၁ ရက် မြန်မာ့အသံ ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဖျော်ဖြေပွဲရှိတယ်။ ဒါကြောင့် မြန်မာ့အသံနဲ့ ရေဒီယိုမှာ ထင်ရှားခဲ့တဲ့ သီချင်း ၇၅ ပုဒ်ကို ရွေးပြီး တစ်ပတ်မှာ ဆယ်ပုဒ်လောက်စီ အပတ်စဉ် သောကြာနေ့တိုင်း (၈)နာရီ သတင်းအပြီးမှာ သီဆိုကြမယ်၊ ဒီနေ့ညမှာ ပထမဆုံးပွဲစဉ်အဖြစ် သီဆိုထုတ်လွှင့်ကြမှာ၊ ဆောင်းပါးမရေးသားခင် အမှတ်တရ မြန်မာ့အသံအထိမ်းအမှတ် သီချင်းသီဆိုပွဲကို နားထောင်ကြတာပေါ့” ဟုဆိုကာ ကျွန်တော်တို့ ဇနီးမောင်နှံ မြန်မာ့အသံအထိမ်းအမှတ် ပထမဆုံးပွဲစဉ်ကို နားထောင်ရန် ပြင်ဆင်ကြပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံသည် မြန်မာ့အသံ အမှတ်တရကာလ သီချင်းနားထောင်မယ်ဆိုတော့ ဒီကာလက “ကိုဗစ်” ကာလဖြစ်တာကြောင့် အဘိုးကြီးနှင့်အဘွားကြီး ခြောက်ပေကွာထိုင်ပြီး နားထောင်ရမည်ဆိုသော ကိုဗစ်စည်းကမ်းကိုလည်း လိုက်နာကြရသည်။

MRTV အစီအစဉ် ဖန်သားပြင်ပေါ်၌ ပေါ်လာပါပြီ။ ဆိုမည့်သူတွေက – ဒေါ်တင်တင်မြ၊ ဒေါ်ထား၊ ကေဂျာနူး၊ ဒေါ်ဥမ္မာ၊ ဒေါ်ရီရီသန့်၊ ဒေါ်ခင်စိုးဝင်း၊ ဦးတင်ဦးလေး၊ သန်းမြတ်စိုး၊ မောင်ထွန်းမင်း အစရှိသော အဆိုတော်အကျော်အမော်အနုပညာရှင်များက အမှတ်တရ အစွမ်းကုန် သီဆိုဖျော်ဖြေကြပါသည်။ ဇနီးဖြစ်သူက တေးဂီတကို ဝါသနာပါသူမို့ ဖျော်ဖြေမှုအစီအစဉ်ကို ကြည့်ရှုရင်း ကျေနပ်ကြည်နူးဝမ်းသာနေပါသည်။ ကျွန်တော်ကတော့ အထိမ်းအမှတ်အဖြစ် သီဆိုနေကြသော သီချင်းများကို နားထောင်ရင်း ၇၅ နှစ် ကာလ အမိမြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသော သမိုင်းဖြစ်ရပ်များကို ပြန်လည်သတိရရင်း အတွေးများစွာက အတိတ်ဆီသို့ ပြန်လည်ရောက်ရှိသွားပါသည်။ ကျွန်တော်ရေးသားရမည့် အကြောင်းအရာများလည်း ခေါင်းထဲတွင် အစီအစဉ်အလိုက် ပေါ်လာပါသည်။ ပေါ်လာသည့်အတွေးများက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနကြီး ၇၅ နှစ်ကြာ ထမ်းဆောင်ခဲ့သည့် သတင်းပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေခြင်း တာဝန်များဖြစ်ပါသည်။

# မန္တလေး၌ ကိုဗစ်အလွန်ကာလတွင် ပုံစံအသစ်နှင့် ကိုက်ညီသည့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေ

**မန္တလေး ဇန်နဝါရီ ၂၀**

ကိုဗစ်–၁၉ အလွန်ကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းကို ပုံစံအသစ်နှင့် ကိုက်ညီစေရန် ခရီးစဉ်ဒေသအစီအစဉ်သစ်များကို ရေးဆွဲပြင်ဆင်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမျိုးရီက ပြောသည်။

ယခင်က မန္တလေးတိုင်းဒေသကြီးအတွင်းသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာခရီးသွားများအား ပုံမှန်ခရီးစဉ်အဖြစ် မန္တလေး၊ မင်းကွန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ပုဂံဒေသများနှင့် ရှမ်းပြည်နယ် နောင်ချို၊ သီပေါမြို့နယ်များသို့ ပို့ဆောင်ပေးခဲ့သော်လည်း ကိုဗစ်–၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်လည်ပတ်လာပါက ခရီးစဉ်ဒေသတစ်ခုတည်း၌ ခရီးသွားများ စုဝေးရောက်ရှိမှု မဖြစ်ပေါ်စေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လည်ပတ်ရာတွင် ရွေးချယ်စရာများ ရှိစေရန် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

“ကိုဗစ်ပြီးသွားရင် ခရီးသွားလုပ်ငန်းကို ကိုဗစ်နဲ့အတူ ယှဉ်တွဲပြီး ပုံစံအသစ်နဲ့ လုပ်ကိုင်သွားရမှာဖြစ်တဲ့အတွက် ဒီပုံစံနဲ့ ကိုက်ညီမယ့် ခရီးစဉ်အသစ်တွေကို ရေးဆွဲသွားမယ့် အစီအစဉ်တွေ ဆောင်ရွက်နေပါတယ်။ ခုလောလောဆယ် ငှက်ကြည့်ခရီးစဉ်ကို မန္တလေးမြို့နဲ့ ၁၆ မိုင်လောက်ဝေးတဲ့ တံတားဦးမြို့နယ်ထဲမှာ ပြူကန်ကျေးရွာရှိတယ်။ အဲဒီပြူကန်ကျေးရွာမှာရှိတဲ့ မြကန်သာဆိုတဲ့ ဆည်မြောင်းကန်ကို ဆောင်းတွင်းမှာ ဆောင်းခိုငှက်တွေ အများကြီး ခိုလှုံကြတယ်။ ဒါကြောင့် အဲဒီနေရာကို ငှက်ကြည့်ခရီးစဉ်နေရာအသစ်အဖြစ် ဖော်ဆောင်သွားဖို့ အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြသွားမယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုမယ်ဆိုရင် ကန်ပေါင်ဘေးမှာ ငှက်ကြည့်မယ့်သူတွေရယ်၊ ပါလာတဲ့ မိသားစုတွေလည်း အဆင်ပြေစွာ နားနေနိုင်ဖို့ ပုံစံအသစ်နဲ့ ကိုက်ညီအောင်ဆောင်ရွက်ဖို့ ရှိပါတယ်။ လင်းပိုင်ကြည့် ခရီးစဉ်တွေကိုလည်း အသစ်တစ်ဖန်ဖြစ်အောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။ လုပ်ဆောင်မယ့် အစီအစဉ်တွေကို ရေးဆွဲပြင်ဆင် ဆောင်ရွက်နေပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။



ထို့အပြင် မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် နောင်ချိုမြို့နှင့် ဒုဋ္ဌဝတီ မြစ်ရိုးတစ်လျှောက်ဒေသများရှိ သဘာဝတောတောင်ရှုခင်းအလှများအား သွားရောက်လေ့လာ အပန်းဖြေစေနိုင်ရေးအတွက် ခရီးစဉ်ဒေသသစ်များအဖြစ် ဖော်ဆောင်နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေကြောင်း၊ ကိုဗစ်– ၁၉ ရောဂါအခြေအနေ ကောင်းမွန်လာမှုနှင့်အတူ နိုင်ငံတကာခရီးသွားများ ဝင်ရောက်ခွင့်ပြုမှုအပေါ် မူတည်၍ ခရီးသွားဈေးကွက် ပြန်လည်ဦးမော့လာစေရန် Digital Marketing စနစ်ဖြင့် ဆွဲဆောင်ကာ ကမ်းလှမ်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက် အမှတ် M–5 နှင့် M–6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK–UP Drilling Rig, COSL BOSS ဖြင့် တွင်းတည်နေရာများဖြစ်သော WP2 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၉ ဒသမ ၅၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ ဒသမ ၇၂၈ စက္ကန့်နှင့် WP4 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၇ ဒသမ ၃၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂ ဒသမ ၇၉၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ် M–5 နှင့် M–6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK–UP Drilling Rig, COSL BOSS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ရေမိုင် (၅) မိုင် ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့နှင့် ဖလမ်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ နန်းယွန်းမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ မူဆယ်မြို့တွင် ၀ ဒသမ ၂၀ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၆ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ရွှေကူမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပညာရေးဝန်ကြီးဌာန အွန်လိုင်း ရုံးစာရေးနည်းသင်တန်း အမှတ်စဉ်(၆) ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၀

**ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ဖွင့်လှစ်သော ရုံးစာရေးနည်း သင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)




သင်တန်းဖွင့်ပွဲတွင် ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခု သင်တန်းသို့တက်ရောက်လာကြသည့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ အရာထမ်း ၆၉ ဦးကို ရုံးလုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး အတွက် အွန်လိုင်းသင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်၍မရဘဲ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် အများနှင့်ပူးပေါင်း ဆောင်ရွက်ကြရပြီး ဦးစီးဌာနများ၊ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ ဝန်ကြီးဌာနများ စသည်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရပါကြောင်း၊ မိသားစုစိတ်ဓာတ်၊ အသင်းအဖွဲ့ စိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းဆောင်ရွက်လျှင် ရုံးလုပ်ငန်းများ အောင်မြင်ပါကြောင်း၊ ဆရာဆရာမများ၊ ဝန်ထမ်းများအားလုံးတို့ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်သည့် စွမ်းရည်များနှင့် ပူးပေါင်းတာဝန်ယူ တာဝန်ခံ၍ ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ စဉ်ဆက်မပြတ် ကောင်းမွန်နေစေရေးတို့အတွက် လုပ်ငန်းခွင်ကြို သင်တန်းများ၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို တာဝန်ရှိသူများကလည်း ပူးပေါင်း စီစဉ် ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ ယနေ့ ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် တစ်သက်တာ ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ သင်ယူနိုင်ရေးအတွက်လည်း ရုံးသုံး မြန်မာစာ အရေး၊ အဖတ် အတွက် သာမက အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု၊ IT နည်းပညာများ၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိများ၊ ဘဏ္ဍာရေးနှင့် ပတ်သက်သည့် အခြေခံကျွမ်းကျင်မှုများ တတ်မြောက်ထားရန် အရေးကြီးပါကြောင်း။

**ဆောင်ရွက်နိုင်မည်ဖြစ်**

ထို့ကြောင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်တားဆီးနေရသည့် ကာလအတွင်း၌လည်း ရပ်နားထားရသည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများဖြစ်သည့် အင်္ဂလိပ်ဘာသာစကား သင်တန်း၊ ရုံးသုံးကွန်ပျူတာသင်တန်း စသည်တို့ကို အွန်လိုင်းစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်သွားရန် စီစဉ်နေပါကြောင်း၊ ဝန်ထမ်းများအားလုံး အနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်နှင့်ဝတ္တရားများကို ရိုးရိုးသားသား၊ တည်တည်ငြိမ်ငြိမ်၊ ကြိုးကြိုးစားစားဖြင့် တစ်သက်တာ နက်နက်နဲနဲ သင်ယူတတ်မြောက်၍ ပူးပေါင်းတာဝန်ယူလျက် တာဝန်ကျေပွန်စွာ ကျွမ်းကျွမ်းကျင်ကျင် ဆန်းသစ်တီထွင် ဆောင်ရွက်ပါက ရုံးလုပ်ငန်းများကို အရည်အသွေး ကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်/မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းသားသင်တန်းသူများဖြစ်သည့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

**အွန်လိုင်းစနစ်ဖြင့်ဖွင့်လှစ်မည်**

ဝန်ထမ်းများ၏ ရုံးလုပ်ငန်း စွမ်းရည်မြှင့်တင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက သင်တန်းများ ဖွင့်လှစ်ပေးခဲ့ရာ ရုံးစာရေးနည်း သင်တန်း (၅) ကြိမ်တွင် ဝန်ထမ်း ၂၁၀၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း (၅) ကြိမ်တွင် ၇၉၈ ဦးနှင့် ရုံးလုပ်ငန်းအသုံးပြု ကွန်ပျူတာအခြေခံ ကျွမ်းကျင် သင်တန်း (၆) ကြိမ်တွင် ၂၇၅ ဦး တက်ရောက်ခဲ့ပြီး ယနေ့ဖွင့်လှစ်သော ရုံးစာရေးနည်းသင်တန်း အမှတ်စဉ် (၆) သို့ သင်တန်းသား ၆၉ ဦး တက်ရောက်ကြကာ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန် - ကိုကိုးကျွန်း - ရန်ကုန် သင်္ဘောခရီးစဉ် ပြန်လည်ဆိုက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) က တာဝန်ယူပြေးဆွဲသော စတုတ္ထမြောက် ရန်ကုန်-ကိုကိုးကျွန်း-ရန်ကုန်ခရီးစဉ် ပြေးဆွဲခဲ့သည့် M.V CHARITES သင်္ဘောသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေအမှတ်(၃) ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ရောက်လာကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများ သွားလာရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပြေးဆွဲခဲ့သည့် ရန်ကုန်-ကိုကိုးကျွန်း-ရန်ကုန်သင်္ဘောခရီးစဉ်တွင် အပြန်ခရီးသည်များအဖြစ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများ၊ အခြားဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံများ စုစုပေါင်း ခရီးသည် ၆၇ ဦး ပြန်လည်လိုက်ပါလာပြီး ကုန်တန်ချိန် ၂၇ တန်ခန့် သယ်ဆောင်လာကြောင်း သိရသည်။

"ပုံမှန်အားဖြင့် ကိုကိုးကျွန်းက ပြန်လာရင် ဒေသထွက်ကုန်လေးတွေပဲ ပါတာများပါတယ်။ အသွားတုန်းကတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် YESC ပစ္စည်းတွေ သယ်ဆောင်သွားတဲ့အတွက် တန်ချိန်များတာ ဖြစ်ပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

စတုတ္ထမြောက် ရန်ကုန်-ကိုကိုးကျွန်း-ရန်ကုန်ခရီးစဉ်ကို ဇန်နဝါရီ ၆ ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့ပြီး ၈ ရက်တွင် ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိကာ ကုန်ချခြင်း၊ အပြန်ခရီးစဉ်အတွက် လိုက်ပါမည့် ဝန်ထမ်းများအား စောင့်ဆိုင်းပြီးနောက် ဇန်နဝါရီ ၁၈ ရက်တွင် ပြန်လည်ထွက်ခွာလာကာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရပ်ကွက်ပေါင်း နှစ်ရပ်ကွက်နှင့် လူဦးရေ ၁၂၀၀ ခန့် နေထိုင်သော ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်မြို့မှ ရေမိုင် ၂၆၀ ခန့် အကွာအဝေးတွင် တည်ရှိကာ စီးပွားဖြစ် ဒေသထွက်ကုန် မရှိသေးသော်လည်း ခရီးသွားလုပ်ငန်း ဒေသအဖြစ်ဖော်ဆောင်ရန်နှင့် လေကောင်းလေသန့်ရရှိသည့်အတွက် အနားယူနေထိုင်နိုင်သောဒေသအဖြစ် ဖန်တီးနိုင်ရန် အလားအလာကောင်းများ ရှိနေသော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - လင်းညွှန့်**

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဒီဇင်ဘာလအထိ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီ) မှာ အမေရိကန်ဒေါ်လာ ၇၆၀၆ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၂၃၁၃ သန်း လျော့နည်းခဲ့

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(ဒီဇင်ဘာလအထိ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၆၀၆ သန်းတွင် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၆၈၆ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၉၂၀ ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလတူတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၉၁၅၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၀၅ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၉၉၂၀ ဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန် ၁၂၂၉ ဒေါ်လာသန်း၊ သွင်းကုန် ၁၀၈၄ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၁၃ သန်း လျော့နည်းခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည် -

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဒီဇင်ဘာလထိ (ယာယီ) | ၂၀၁၉-၂၀၂၀ (ဒီဇင်ဘာလ ထိ ) | နှိုင်းယှဉ်ချက် တိုး (+) / လျော့ (-) | |
|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၂၄၂.၄၂၁ | ၉၁၅.၉၁၉ | ( + ) | ၃၂၆.၅၀၂ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၁၄.၈၃၅ | ၄၇.၀၉၀ | ( - ) | ၃၂.၂၅၅ |
| ၃ | ရေထွက်ပစ္စည်း | ၂၄၂.၃၅၂ | ၂၆၁.၉၉၄ | ( - ) | ၁၉.၆၄၂ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၁၇.၄၄၁ | ၇၉၃.၃၀၀ | ( - ) | ၄၇၅.၈၅၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၃၃.၃၀၃ | ၄၄.၂၉၃ | ( - ) | ၁၀.၉၉၀ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၇၁၃.၅၆၁ | ၂၇၆၄.၆၉၁ | ( - ) | ၁၀၅၁.၁၃၀ |
| ၇ | အခြားပစ္စည်းများ | ၁၂၂.၀၃၀ | ၈၈.၂၃၂ | ( + ) | ၃၃.၇၉၈ |
| | စုစုပေါင်း | ၃၆၈၅.၉၄၃ | ၄၉၁၅.၅၁၉ | ( - ) | ၁၂၂၉.၅၇၆ |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ( ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၉-၂၀၂၀ (ဒီဇင်ဘာလ ထိ) | နှိုင်းယှဉ်ချက် တိုး (+) / လျော့ (-) | |
|---|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁၄၀၂.၄၅၄ | ၁၈၃၇.၃၁၂ | ( - ) | ၄၃၄.၈၅၈ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁၃၆၅.၂၂၂ | ၁၉၂၆.၅၁၆ | ( - ) | ၅၆၁.၂၉၄ |
| ၃ | လူသုံးကုန်ပစ္စည်း | ၁၁၅၂.၇၈၂ | ၁၂၄၀.၉၂၄ | ( - ) | ၈၈.၁၄၂ |
| | စုစုပေါင်း | ၃၉၂၀.၄၅၈ | ၅၀၀၄.၇၅၂ | (-) | ၁၀၈၄.၂၉၄ |

# ဘေးဒဏ်ကိုကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ တုံ့ပြန်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGOs)များနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးတို့သည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်များပင် ဖြစ်ပါကြောင်း၊ လက်ရှိအစိုးရသက်တမ်းအတွင်းမှာပင် အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်လာစေရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲထားပါကြောင်း၊၊

**အကောင်အထည်ဖော်ခဲ့**

အဆိုပါ စီမံကိန်းနှင့်အညီ နိုင်ငံတော်ဒုတိယသမ္မတ ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းစီမံချက်ပါ ဦးစားပေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စီမံချက်အကောင်အထည်ဖော်တိုးတက်မှုအခြေအနေကို စောင့်ကြည့်အကဲဖြတ်ခဲ့ပါကြောင်း၊ အကဲဖြတ်မှုများအရ စီမံချက်ပါဦးစားပေးစီမံကိန်း ၃၂ ခုအနက် ၂၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့အပြင် Myanmar Economic Resilience and Reform Plan (MERRP)ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊၊

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အဖွဲ့အစည်းထူထောင်နိုင်ရန် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ကွာဟချက်များနှင့် အကြံပြုချက်များကို ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများကို ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် စီမံကိန်း အကောင်အထည်ဖော်သည့်နေရာရှိ ဒေသခံပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေရန် အလေးထားဆောင်ရွက်သည့် ရန်ပုံငွေခွဲဝေသုံးစွဲခြင်းမျိုးဖြစ်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

**ဦးစားပေးလုပ်ငန်းစဉ်များ**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ၂၀၂၁ ခုနှစ်အတွင်းဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဦးစီးဌာန၊ ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းလုပ်ငန်းများ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် ညှိနှိုင်းပေါင်းစပ်မှုများကို ခံစားရရှိမည့် ပြည်သူလူထု အကျိုးရှိစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း ၂၃ ဖွဲ့မှ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး JICA နှင့် INGO Forum တို့မှ တာဝန်ရှိသူများကလည်း လေ့လာသူများအဖြစ် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးကုန်စည်ဒိုင်ကို ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဇန်နဝါရီ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မန္တလေးကုန်စည်ဒိုင်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိမှုကြောင့် ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာယီပိတ်ထားသည့် မန္တလေးကုန်စည်ဒိုင် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း တင်ပြမှုများ ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးညွှန်ကြားမှုများ ပြုလုပ်ပြီး မန္တလေးခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျန်းမာရေး လမ်းညွှန်ချက်များနှင့် အညီ ဖွင့်လှစ်ခွင့်ရရှိသဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် မန္တလေးကုန်စည်ဒိုင်ကို ဖွင့်လှစ်ကြောင်း မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း အထွေထွေအတွင်းရေးမှူး ဦးစက်မောင်ဆွေ၏ ပြောကြားချက်အရ သိရသည်။

ကုန်စည်ဒိုင် ပြန်လည်ဖွင့်လှစ်ရောင်းဝယ်ရာတွင် အသင်းသူ အသင်းသားနှင့် ကိုယ်စားလှယ်များသည် အသင်းတိုက်အတွင်း ဝင်ရောက်ပါက ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ လက်အိတ်ဝတ်ဆင်ခြင်း၊ နှာခေါင်းစည်း၊ မျက်နှာအကာတပ်ဆင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားသည့် အကွာအဝေးမှ ရောင်းဝယ်ခြင်း စသည့်စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။ ထို့ပြင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားသည်။ လိုက်နာမှုမရှိပါက သတိပေးခြင်း ဝင်၊ ထွက်ခွင့်ပိတ်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလက ဒုတိယအကြိမ် ယာယီပိတ်ထားခဲ့ရာ လေးလကြာမြင့်ခဲ့သည်။ ကုန်စည်ဒိုင်ပြန်လည်ဖွင့်လှစ်ခွင့်ရသည့်အတွက် ယခုအခါ သီးနှံပေါ်ချိန်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များက တစ်နေရာတည်းတွင် ဈေးနှုန်းမှန်ကန်စွာ ရောင်းဝယ်မှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## သီပေါမြို့နယ်၌ မိုးလုံလေလုံအားကစားရုံ တည်ဆောက်မည်


**သီပေါ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်းကြီး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၆၀၀ ဖြင့် မိုးလုံလေလုံအားကစားရုံတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံ အဆောက်အအုံသည် သီပေါမြို့နယ် ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ပထမဆုံး တည်ဆောက်မည့် မိုးလုံလေလုံ အားကစားရုံဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး မြို့နယ်အားကစားမှူး ဒေါ်သန်းရွှေမာနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပန္နက်တင်ပေးကြသည်။


**စိုင်း(သီပေါ)**

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ
JICA Two Step Loan ထုတ်ချေးထားမှုအခြေအနေ
(၂၁-၇-၂၀၁၇) မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ




ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ
MEB Two Step Loan ထုတ်ချေးထားမှုအခြေအနေ
(၂၄-၄-၂၀၁၈) မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ




ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# စားသုံးသူများရရှိမည့် အခွင့်အရေးများနှင့် လုပ်ငန်းရှင်များလိုက်နာရန် သတ်မှတ်ချက်များ

နိုင်ဦး(DOCA)

**တစ်နေ့က ကျွန်တော် နေပြည်တော် မြို့မဈေးသို့ ဆံပင်ညှပ်ရန် သွားရောက်ခဲ့သည်။ ဆံပင်ညှပ်ဆိုင်တွင် လူများသဖြင့် ဈေးအတွင်းသို့ လမ်းလျှောက်လာရင်း လိုအပ်တာလေးများရှိပါက ဝယ်ရန်လိုက်ကြည့်နေမိသည်။ ဈေးအတွင်း ပလက်ဖောင်းပေါ်ရှိ နာရီပြုပြင် ရောင်းဝယ်သည့်ဆိုင်မှ ဆိုင်ရှင်ဖြစ်သူနှင့် နာရီပြင် လာသူတို့နှစ်ဦး အချေအတင် စကားပြောဆိုနေသော အသံများက ကျွန်တော်၏ခြေလှမ်းများကို တုံ့နှေးရပ်တန့်သွားအောင် ဖမ်းစားနေသည်။**

ဆိုင်ရှင်ကပြောတယ် "ကျွန်တော့်ဆိုင်ကို လာအားပေးကြတဲ့ စားသုံးသူတိုင်း တစ်ခါဆက်ဆံရာ သက်ပန်ဆိုသလို စိတ်ချမ်းသာစေရမယ်"တဲ့ ။ နာရီပြင်ရန် လာရောက်သည့် လူငယ်လေးကလည်း အားကျမခံ " ဦးလေးနာရီက စားလို့ မှ မရတာ၊ ဘာလို့ စားသုံးသူလို့ ကျွန်တော့်ကို ပြောတာလဲ" တဲ့။ ဆိုင်ရှင်ကလည်း ဆက်ပြောတယ်။ " စားသုံးသူဆိုတာ စကားလုံးကျစ်လျစ်အောင် သုံးထားတာကွ။ စားသောက်စရာတွေရော၊ သုံးစွဲစရာတွေကို ဝယ်ယူ၊ ရယူသူကို စားသုံးသူလို့ ခြုံပြီး ပြောတာ" လို့ ပြောတော့ လူငယ်လေး ခေါင်းကိုကုတ်၍ "ဘာမှန်းလဲ မသိပါဘူးဗျာ၊ ရှုပ်နေတာပဲ" လို့ ပြောတယ်။ ဆိုင်ရှင်က "မရှုပ်ပါဘူးကွ၊ သိသိသာသာ ရှင်းရှင်းလင်းလင်းကြီးပါ။ စားသူရော သုံးသူပါ စားသုံးသူတွေပဲလေ။ တို့တွေ နေ့စဉ်စားရေး၊ ဝတ်ရေး၊ နေရေးအတွက် ရုန်းကန်လှုပ်ရှားရှာဖွေနေကြတာပဲ မဟုတ်လား။ စားရေးအတွက်ရော၊ ဝတ်ဆင်ရေးအတွက်ရော၊ နေထိုင်ဖို့အတွက်ရော လိုအပ်တာတွေကို သတ်မှတ်ထားတဲ့ ငွေကြေးပေးပြီး ရယူသုံးစွဲသူတိုင်းဟာ စားသုံးသူတွေပဲ မဟုတ်လား" လို့ ပြောတော့ လူငယ်လေးက ကျွန်တော်နားလည်သလိုလို ရှိလာပါပြီ။ အစတုန်းက စားသုံးသူဆိုတာ စားသောက်လို့ရတဲ့အစားအစာတွေ စားသောက်ကုန် ပစ္စည်းတွေကို စားနေသူတွေသာလို့ ထင်ထားတာတဲ့" မှတ်ကရော။

ထိုလူငယ်လေးကို အပြစ်မဆိုရက်ပေ။ ယခင်က ကုန်ထုတ်လုပ်သောသူများ၊ လုပ်ငန်းရှင်ကြီးများ၏ အလိုကျ စားသုံးသူများ နေခဲ့ကြရသည်။ နစ်နာဆုံးရှုံးမှုများကို အံကြိတ်ခံခဲ့ရသည်။ သေကျေပျက်စီးကြရသည်။ အတိ ဒုက္ခများ ကြုံတွေ့ခဲ့ကြရပေသည်။ နစ်နာဆုံးရှုံးမှုများအတွက် မည်သို့ဆောင်ရွက်ရမည်မှန်း၊ ဘယ်ကိုတိုင်ရမည်မှန်း မသိရှိခဲ့ကြပေ။ စားသုံးသူများသည် မိမိတို့နစ်နာဆုံးရှုံးမှုများ ဖြစ်နေပါလျက်နှင့် နေ့စဉ် စားရေး၊ ဝတ်ရေး၊ နေရေးအတွက် လိုအပ်ချက်တွေကြောင့် အဆိုပါလူသုံး အိမ်သုံးပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ရယူသုံးစွဲခဲ့ကြရသည်။ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ ကုစားပိုင်ခွင့် မရရှိခဲ့ကြပေ။ ထို့အပြင် မြန်မာတို့ရဲ့ စိတ်ရင်းအတိုင်း မိမိသာ ဒုက္ခအဖြစ်ခံမည်။ သူတစ်ပါး ဒုက္ခဖြစ်မည်ကို မလိုလားကြသောကြောင့် တိုင်ကြားမှုများမရှိခဲ့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကုန်စည်နှင့်ဝန်ဆောင်မှုပြုသူလုပ်ငန်းရှင်များ၏ အကြိုက်ဈေးကွက်တစ်ခု ဖြစ်ခဲ့ပေသည်။

**စားသုံးသူအခွင့်အရေးအား တောင်းဆိုရကောင်းမှန်း မသိကြ**

ကျွန်တော်တို့သည် အခွင့်အရေးများနှင့် ပတ်သက်၍ အမျိုးမျိုးတောင်းဆိုနေကြသည်။ ဘာတဲ့ လူ့အခွင့်အရေးတဲ့။ ယောကျ်ားနဲ့မိန်းမ တန်းတူအခွင့်အရေးရရှိရေးတဲ့ စသည်ဖြင့် တောင်းဆိုနေကြသော်လည်း လူသားတို့နေ့စဉ်ဖြတ်သန်းနေကြရသည့် စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများဖြစ်သော အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများ မသုံးစွဲရေး၊ အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများမသုံးစွဲရေး၊ ဝတ်ဆင်စရာပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ နေထိုင်သည့်ပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သံချောင်း စသည်တို့သည် ထုတ်ကုန်များကို လုံခြုံစိတ်ချစွာ ထုတ်လုပ်ထားမှု ရှိ မရှိ သိရှိရေးတို့အတွက်မူ အရေးဆိုသူနည်းပါးလှသည်။ မိမိတို့ တစ်ဦးချင်းရရှိမည့် စားသုံးသူအခွင့်အရေးများကို ရရှိရေး တောင်းဆိုပိုင်ခွင့်၊ တိုင်တန်းနိုင်ခွင့်၊ ကုစားပိုင်ခွင့်၊ ဖြေရှင်းနိုင်ခွင့် စသည့်စားသုံးသူအခွင့်အရေးများကိုမူတောင်းဆိုရန် လိုအပ်လျက်ရှိသည်ကို တောင်းဆိုရကောင်းမှန်းမသိ မေ့လျော့နေကြသည်။

ထိုအခါ လုပ်ငန်းရှင်အချို့သည် မိမိဆောင်ရွက်နေသော ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် တရားမဝင်ဓာတုဆေးဝါးများ၊ တာရှည်ခံ ဓာတုပစ္စည်းများ၊ အရောင်ဓာတုဆေးများ၊ ပစ္စည်းတုများ သုံးစွဲ၍ စားသောက်ကုန်များ၊ ဆေးဝါးများ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်မှုပစ္စည်းများကို ရောင်းချကြသည်။ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ အာမခံ၊ ပို့ဆောင်ရေး၊ ဟိုတယ်နှင့်စားသောက်ဆိုင်၊ အလှပြုပြင်ရေး၊ ကျန်းမာရေး စသည်တို့တွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ မိမိအကျိုးအမြတ် ရရှိရေးအတွက်သာ ဦးတည်ဆောင်ရွက်ကြသဖြင့် စားသုံးသူများ ကိုယ်ရော၊ စိတ်ပါ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရမှု တဖြည်းဖြည်း များပြားလာသဖြင့် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထို့ကြောင့်ပင် နိုင်ငံတကာတွင် ဖွဲ့စည်းထားသော စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များအတိုင်း မြန်မာနိုင်ငံတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ကျေးရွာ ရပ်ကွက်များအထိ လွှမ်းခြုံ၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ၅၁ သန်းကျော်သော တစ်ပြည်လုံးရှိ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည် ဝန်ဆောင်မှုများကို ရယူသုံးစွဲကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့ ပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ခေတ်နှင့်အညီ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ မျက်ခြည်မပြတ်ဘဲ လိုအပ်သော ဥပဒေပြင်ဆင်မှုများ၊ အမိန့်ညွှန်ကြားချက်များကို ပြည်သူများအကျိုးကို ရှေးရှု၍ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စားသုံးသူများ၊ လုပ်ငန်ရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေး အဖြေရှာကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်ယူကာ အဆင့်ဆင့်တင်ပြ၍ ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

**"စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပါက အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ၂၀၁၉ ခုနှစ် မတ်လ(၁၅) ရက်နေ့ သောကြာနေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထို့အပြင် စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ရေးဆွဲလျက်ရှိပြီး မကြာမီ ပြဋ္ဌာန်းကာ ယခင်ကထက် စားသုံးသူများကို ကာကွယ်ပေးနိုင်တော့မည်၊ စီးပွားရေး လုပ်ငန်းရှင်များကို ကူညီပေးနိုင်တော့မည်ဖြစ်"**

**စားသုံးသူနှင့် လုပ်ငန်းရှင်များကြား ဟန်ချက်ညီအောင် ထိန်းညှိပေးခြင်းဖြစ်**

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းဟူသည် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ အားပြိုင်မှုများကို ဟန်ချက်ညီအောင် ထိန်းညှိကုစားပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူများအတွက် စားသုံးသူများရသင့်သည့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို လုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသော ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ လိုက်ပါနိုင်စေရေးအတွက် လုပ်ဆောင်ခြင်းအားဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ချဲ့ထွင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ ထိုသို့ ဆောင်ရွက်ပေးသည့်အခါ မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက ဘက်လိုက်မှုကင်းရှင်းစွာဖြင့် စားသုံးသူများလည်း စိတ်ကျေနပ်၊ လုပ်ငန်းရှင်များလည်း ပြုပြင်လိုက်နာဆောင်ရွက်ကာ လုပ်ငန်းဆက်လက်လည်ပတ်နိုင်စေရေးအတွက် ထိန်းညှိကုစားဖြေရှင်းပေးခြင်းဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိသဖြင့် ထိုက်သင့်သော အောင်မြင်မှုများကို ရရှိနေခြင်းဖြစ်ပါသည်။

ထို့ကြောင့်ပင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် စားသုံးသူများ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီစွာ သဟဇာတဖြစ်စေရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် နိုင်ငံတကာတွင် လက်ရှိအောင်မြင်စွာ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေများအနက်မှ မိမိနိုင်ငံနှင့်သင့်တော်ကာ လိုက်လျောညီထွေဖြစ်မည့် အချက်များနှင့် ချိန်ထိုးကာ ကြိုးစားဆောင်ရွက်ခဲ့မှုများကြောင့် ယခင်ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)ထက် ပိုမို၍ စားသုံးသူများကို အကာအကွယ်ပေးနိုင်သည့်၊ စီးပွားရေးလုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိပါ ထိုးဖောက်အောင်မြင်မှု ရရှိရေးအတွက် ဆောင်ရွက်နိုင်သည့် စားသုံးသူကာကွယ် ရေးဥပဒေ (၂၀၁၉) ကို စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ စားသုံးသူကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ မှန်ကန်တိကျရှင်းလင်းသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးရေး၊ အရည်အသွေးမြင့်မားသည့် ကုန်စည်၊ ဝန်ဆောင်မှုများ ဖော်ဆောင်ဖြည့်ဆည်းပေးရေး၊ စီးပွားရေးလုပ်ငန်းရှင်များ ဥပဒေနှင့်အညီ ဆောင်ရွက်စေရေး၊ စားသုံးသူတို့၏ နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရေး၊ စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးနှင့် အပြန်အလှန်ပူးပေါင်း ကူညီဆောင်ရွက်ရေး၊ စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပါက အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ၂၀၁၉ ခုနှစ် မတ်လ (၁၅) ရက်နေ့၊ သောကြာနေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၉)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထို့အပြင် စားသုံးသူ ကာကွယ်ရေးနည်းဥပဒေကို ရေးဆွဲလျက်ရှိပြီး မကြာမီ ပြဋ္ဌာန်းကာ ယခင်ကထက် စားသုံးသူများကို ကာကွယ်ပေးနိုင်တော့မည်၊ စီးပွားရေးလုပ်ငန်းရှင်များကို ကူညီပေးနိုင်တော့မည်ဖြစ်ပါသည်။ အသစ်ပြဋ္ဌာန်းခဲ့သော စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉)အရ စားသုံးသူများရရှိမည့် အခွင့်အရေး၊ တာဝန်နှင့် တောင်းဆိုပိုင်ခွင့်များအပြင် လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ပြည့်စုံ တိကျ ရှင်းလင်းစွာ ဖော်ပြထားပါသည်။

**စားသုံးသူများ ရရှိမည့်အခွင့်အရေး၊ တာဝန်နှင့် တောင်းဆိုပိုင်ခွင့်**

စားသုံးသူများရရှိမည့် အခွင့်အရေးများနှင့် ပတ်သက်၍ ကုန်စည်နှင့်ဝန်ဆောင်မှုများ သုံးစွဲရာ၌ စိတ်ကျေနပ်မှုရရှိစေခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိနိုင်ခြင်း၊ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ခြင်း၊ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ၊ တိုင်ကြားနိုင်ခြင်း၊ ဆုံးရှုံးနစ်နာမှုများကို ကုစားနိုင်ခြင်း၊ သတင်းအချက်အလက်များကို လေ့လာနိုင်ခြင်း၊ ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းတို့ ရရှိမည်ဖြစ်ပါသည်။ ထို့ပြင် စားသုံးသူများ လိုက်နာရမည့် တာဝန်များဖြစ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုပါ သတင်းအချက်အလက်များအတိုင်း လိုက်နာခြင်း၊ သတ်မှတ်ထားသည့် တန်ဖိုးနှင့်အညီ ပေးချေခြင်း၊ လုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆို၊ ပြုလုပ်မှုတို့ကို ရှောင်ကြဉ်ခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းနေစဉ် လူမှုမီဒီယာနည်းလမ်းနှင့် အခြားနည်းလမ်းများ အသုံးပြု၍ လုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် မဟုတ်မမှန်ပြောဆို၊ ရေးသား၊ ပြုမူခြင်းတို့ကို ရှောင်ကြဉ်၍ လိုက်နာရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် စားသုံးသူများသည် လုပ်ငန်းရှင်များက အာမခံချက်ပေးထားသကဲ့သို့ ကုန်စည်အရည်အသွေး မကောင်း၊ သတင်းအချက်အလက် မပြည့်စုံပါက အာမခံထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ခြင်း၊ အရည်အသွေးကောင်းကုန်စည် ပြန်ရရန်၊ လျော်ကြေးရရန် တောင်းဆိုပိုင်ခွင့် ရှိပေသည်။ ဝန်ဆောင်မှုများနှင့်ပတ်သက်၍လည်း လျော်ကြေးပေးရန်၊ ကုစားခွင့်ပေးရန် တောင်းဆို ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အချက်များ**

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိထုတ်လုပ်၊ တင်သွင်း၊ ဆောင်ရွက်သည့် ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များကိုသာ ပေးခြင်း၊ စားသုံးသူများကို ခွဲခြားမှုမရှိဘဲ ဆက်ဆံခြင်း၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်း၊ အရည်အသွေး စံသတ်မှတ်ချက်များကို အာမခံချက်ပေးခြင်း၊ စားသုံးသူများကို ဝယ်ယူခြင်း မပြုမီ စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊ ထပ်မံပေးချေရမည့် တန်ဖိုးကို မဝယ်ယူခင် ကြိုတင်အတိအလင်း ဖော်ပြပေးခြင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုမဖြစ်ရေး တိုက်ရိုက်၊ သွယ်ဝိုက်ရောင်းချခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကတိပြုထားသည့် အာမခံချက်အတိုင်း တာဝန်ယူဆောင်ရွက်ခြင်း၊ အငြင်းပွားမှု ဖြေရှင်းနေစဉ် မီဒီယာ နည်းလမ်းနှင့် အခြားနည်းလမ်းများ အသုံးပြု၍ စားသုံးသူများအပေါ် ခြိမ်းခြောက်၊ မဟုတ်မမှန်ရေးသား၊ ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ ကုန်စည်၊ ဝန်ဆောင်မှုတွင် ဘေးအန္တရာယ်ရှိကြောင်းသိရှိလျှင် လူထုဆက်သွယ်ရေးနည်းလမ်းနှင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြစ်စေ၊ သက်ဆိုင်ရာဌာနများ အချိန်မီသိရှိစေရန် အသိပေးခြင်း၊ အငြင်းပွားမှုများဖြစ်ပေါ်ပါက သက်ဆိုင်ရာကော်မတီ၏ ဆုံးဖြတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထင်ရှားစွာ ဖော်ပြအသိပေးရမည့်အပြင် စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေး၊ အလေးချိန် မှန်ကန်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ သုံးစွဲသူ လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊ နမူနာပစ္စည်းအတိုင်း တူညီခြင်း၊ အာမခံပေးထားသည့်အတိုင်း ကြော်ငြာထားသည့်အတိုင်း ဆောင်ရွက်၍ စားသုံးသူများကို ကြိုတင်အသိပေးခြင်း၊ ကြော်ငြာသည့်အတိုင်း ဝန်ဆောင်မှု ပြည့်ဝစွာပေးခြင်း၊ စားသုံးသူတို့၏ လိုအပ်ချက်နှင့် ကိုက်ညီခြင်း၊ အာမခံထားသည့် အချိန်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊ သဘောတူညီထားသည့်

*စာမျက်နှာ ၁၁ သို့*

## ငဖဲမြို့နယ်တွင် အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ငဖဲ ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားကွင်း တည်ဆောက်ရေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံ ငွေကျပ် ၁၉၂ ဒသမ ၄၅ သန်းဖြင့် လပြည့်သိမ်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ငဖဲမြို့နယ်အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများ အနေဖြင့် အလျား ၂၂၅၂ ပေ၊ အနံ ၆ပေရှိအပြင် အုတ်တံတိုင်းကာရံခြင်း၊ ဘောလုံးကွင်းမြေ ပြုပြင်ခြင်းနှင့် ကတ်တုံးကာခြင်း၊ အလျား ပေ ၁၀၀၊ အနံ ၂၆ ပေ အမြင့် ၇ ပေရှိ ပွဲကြည့်စင်တည်ဆောက်ခြင်း၊ အလျား ပေ ၁၅၀၀ အနံ ပေ ၁၀၀၊ အမြင့် ခြောက်ပေရှိ အတွင်းခြံစည်းရိုးကာရံခြင်းနှင့် ကွင်းအတွင်းရေရရှိရေးလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၄၅ သန်းဖြင့် လပြည့်သိမ်း ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် တည်ဆောက်ပြီးစီးကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ သိရသည်။

**မယု(ငဖဲ)**

## ခေတ်နှင့်အတူ ပြောင်းလဲတိုးတက်လာသော စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)




လူသားများအတွက် ကာယသုခနှင့် စိတ္တသုခဟူ၍ ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်း နှစ်မျိုးရှိပေရာ ကာယသုခဟု ဆိုအပ်သော ကိုယ်၏ကျန်းမာခြင်း၊ စိတ္တသုခဟု ဆိုအပ်သော စိတ်၏ချမ်းသာခြင်းတို့တွင် စိတ်ချမ်းသာမှုက မူလပထမဖြစ်ပြီး စိတ်ချမ်းသာ စိတ်ကျန်းမာပါမှ မိမိ၏ ကိုယ်ခန္ဓာကြီးကလည်း ကျန်းမာမည် ဖြစ်ပေသည်။

ထို့ကြောင့် စိတ်ချမ်းသာရေး စိတ်ကျန်းမာရေးသည် မူလပထမဖြစ်ရာ စိတ်ကျန်းမာရေး ဆေးရုံကြီးများသည် စိတ်မကျန်းမာသူများအတွက် အထူးပြုစုကုသပေးရာ စောင့်ရှောက်ရာ ဌာနကြီးတစ်ခုဟုဆိုပါက မှားလိမ့်မည် မထင်ပေ။

စာရေးသူအနေဖြင့် စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)သို့ ယခင်အကြိမ်နှင့် ယခုအကြိမ်ပါဆိုလျှင် နှစ်ကြိမ်မြောက် ရောက်ခဲ့ရပြန်ပါပြီ။ ပထမအကြိမ် ရောက်ခဲ့စဉ်က ၂၀၁၀ ပြည့်နှစ်က မိတ်ဆွေတစ်ဦး စိတ်မကျန်းမာဖြစ်နေ၍ အဖော်အဖြစ်လိုက်ပါခဲ့စဉ်က ဖြစ်သည်။ ယခု ၂၀၂၁ ခုနှစ်တွင် တစ်ကြိမ်ထပ်ရောက်ရသည်မှာမူ ဆွေမျိုးကဲ့သို့ ဖြစ်သော အိမ်နီးချင်းမိတ်ဆွေတစ်ဦး ဆေးကုသခံယူရင်း ရောက်ခဲ့ရခြင်းဖြစ်သည်။

ယခုတစ်ခါ စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)သို့ ရောက်ခဲ့ချိန်တွင် အံ့သြယူရလောက်အောင် ယခင်စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)မှ ဟုတ်ပါ့မလားဟုပင် စိတ်ဝယ်ထင်ယောင်မှားမိသည်အထိ ဖြစ်ခဲ့ရသည်။

### စိတ်သက်သာရာရစေ

အဘယ်ကြောင့် အံ့သြရပါသနည်းဆိုသော် ယခင်တစ်ကြိမ်ရောက်ခဲ့စဉ်ကနှင့် ယခုစိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)ကို မြင်တွေ့ရပုံက များစွာ ကွာခြားလွန်းလှနေ၍ ဖြစ်သည်။ ယခုတစ်ကြိမ် မြင်တွေ့ရသည့် စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)မှာ ပန်းမျိုးစုံအစီအရီ ဖူးဖွင့်မှုနှင့် အမြင်ဆန်းစွာ လှပတင့်တယ်နေသည်က အမှန်ပင်။ ဤသည်ကို မြင်တွေ့နေရသူများ၏ စိတ်ဝယ် ပေါ့ပါးကြည်နူးမှုဖြစ်စေ မည်ကလည်း မလွဲကေန်ပင်။ ယင်းပန်းခင်းများကြောင့် စိတ်ကျန်းမာရေးဆေးရုံကြီးသို့ လာရောက်ကုသမှုခံယူသော စိတ်မကျန်းမာသူများစွာကို စိတ်သက်သာရာရစေသည်ဟု သိရသည်။

### ငွေကြေးကုန်ကျမှုသက်သာ

စိတ်ကျန်းမာရေး ဆေးရုံကြီး(မန္တလေး)၏ ဆေးရုံရေိယာဝင်းအတွင်း၌ ကျန်းမာရေးဝန်ထမ်းများအတွက် ရာသီပေါ်သီးနှံစိုက်ခင်းများကို စီစီရီရီနှင့် စိုက်ပျိုးထားသည်ကိုလည်း မြင်တွေ့ရသည်။ ထိုသီးနှံစိုက်ခင်းများစွာတို့မှာလည်း ကျန်းမာရေးဝန်ထမ်း မိသားစုများအတွက် ငွေကြေးကုန်ကျစရာမလိုဘဲ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးသီးနှံများ ရရှိစေသည်။

စိတ်ကျန်းမာရေး ဆေးရုံကြီး(မန္တလေး)ကို မန္တလေးခရိုင် အမရပူရမြို့နယ် တောတွင်းကျေးရွာအနီးတွင် ဆောက်လုပ်ထားကာ ဆေးရုံကြီး၏ အကျယ်ရေိယာမှာ ၃၈ ဒသမ ၁၁ ဧကရှိပြီး ယခင်က ခုတင် ၅၀ ဆေးရုံ ဖြစ်သည်။ ယခုအခါတွင်မူ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး ဖြစ်နေပေပြီ။

စိတ်ကျန်းမာရေး ဆေးရုံကြီး(မန္တလေး)၌ ဆေးရုံအုပ်ကြီးအဖြစ် ဒေါက်တာ ဒေါ်အေးသူအောင်က ၂၀၁၇ခုနှစ်တွင်တာဝန်ယူခဲ့ပြီး တာဝန်ယူသည့်နှစ်မှာပင် ဝန်ကြီးဌာနက ချပေးသော ဆေးဝါးများကို “ အခမဲ့ဆေးပေးရန်” နေရာသတ်မှတ်၍ လူနာများအား စနစ်တကျပေးရန် ဆောင်ရွက်ပေးခြင်း၊ အခမဲ့ရနိုင်သော ဆေးဝါးများ၏ အမည်စာရင်းကို ပွင့်လင်းမြင်သာစွာဖြင့် ဗီနိုင်းများ ချိတ်ဆွဲကပ်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ၂၀၁၇ ခုနှစ်မှာပင် စားဖိုဆောင်ကို စတင်တည်ဆောက်၍ နိုင်ငံတော်ဘတ်ဂျက်နှင့် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆေးရုံတက်လူနာများအား အာဟာရဒါနအခမဲ့ ကျွေးမွေးနိုင်ခဲ့သည်။ ဝန်ထမ်းအိမ်ရာအနေဖြင့်လည်း ခြောက်ခန်းတွဲလေးထပ်နှင့် ရှစ်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာများ တောင်းခံခဲ့ရာ ယခုအခါရရှိလာပြီဖြစ်သဖြင့် ဝန်ထမ်းများအတွက် အခန်းများ ရရှိလာပြီး နေထိုင်ရေး အခက်အခဲ မရှိတော့ကြောင်း သိရသည်။

ယခင်က ဖုန်းဆိုးမြေ ကျတ်တီးကုန်းနှင့် တောကဲ့သို့ ဖြစ်နေသော၊ အဆိပ်ရှိသောမြွေဆိုးများ ခိုအောင်းနေသော ဆေးရုံအတွင်းရှိ မြေနေရာလွတ်များကို ဝန်ထမ်းများကို ချဲ့ထွင်ရှင်းလင်းစေပြီး ဆေးရုံစားဖိုဆောင်နှင့် ဝန်ထမ်းများ စားသုံးနိုင်ရန်အတွက် ရာသီပေါ် သီးနှံပင်များ၊ အရိပ်ရအပင်များ၊ သီးပင်စားပင် သစ်သီးဝလံပန်းမန်များ စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

### ဝန်ထမ်းများစိတ်ပျော်ရွှင်

ဝန်ထမ်းများ၏ စိတ်ပျော်ရွှင်မှုနှင့် လုပ်ငန်းခွင်စိတ်ကျေနပ်မှု ရရှိစေရေးအတွက် တစ်နှစ်တစ်ကြိမ်ခရီးစဉ်များ စီစဉ်ပြုလုပ်ပေးကြောင်းလည်း သိရှိရသည်။ ဤကဲ့သို့ စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေး)ကို သန့်ရှင်းလှပအောင် တဖြည်းဖြည်းလုပ်ဆောင်ခဲ့သူမှာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်အေးသူအောင်ပင် ဖြစ်သည်။

စိတ်ကျန်းမာရေး ဆေးရုံကြီး(မန္တလေး)သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ချိန်တွင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်အေးသူအောင်၏ ဦးဆောင်မှုဖြင့် ဆေးရုံဝင်းအတွင်း သီးပင်စားပင်များ၊ ပန်းမန်များ စိုက်ပျိုးခြင်းဖြင့် သန့်ရှင်းလှပအောင် ဆောင်ရွက်ထားသလို ဆရာဝန်ကြီးများ၊ ဆရာမများ၊ ဝန်ထမ်းများကလည်းဆေးရုံသို့ လာရောက်ကြသည့် လူနာများအား စေတနာအရင်းခံ၍ မေတ္တာဖြင့် စောင့်ရှောက်ကုသပေးနေမှုများကိုလည်း မြင်တွေ့ကြားသိခဲ့ရပါကြောင်း။ ။

**မောင်မောင်စိုး(မြစ်ငယ်)**

---

*စာမျက်နှာ ၁၀ မှ*

တန်ဖိုးအတိုင်းပေးအပ်ခြင်း စသည့်အချက်များကို အာမခံပေးရမည် ဖြစ်ပေသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့ထုတ်လုပ်၊ တင်သွင်းဖြန့်ဖြူး၊ ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူအသုံးပြု၍ လည်းကောင်း၊ အာမခံပေးထားသည့် ကာလအတွင်း စားသုံးသူများ ထိခိုက်နစ်နာဆုံးရှုံးမှု များဖြစ်ပေါ်ပါက လုပ်ငန်းရှင်၊ ကုန်စည်ထုတ်လုပ်သူ၊ ကုန်အမှတ်အသားအသုံးပြုခွင့်ရှိသူ၊ ပြည်ပမှ တင်သွင်းရောင်းချသူ၊ တစ်ဆင့်ပြန်လည်ရောင်းချသူ၊ ကြားခံဝန်ဆောင်မှုပေးသူများအားလုံးတွင် တာဝန်ရှိသည်ကို သတိချပ်သင့်ပေသည်။ ဖြေရှင်းပေးရန် တာဝန်ရှိပေသည်။

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသားများကို ထင်ရှားစွာ ဖော်ပြပေးရမည်ဖြစ်သည့်အပြင် ကုန်စည်၏တံဆိပ်အမှတ်အသား၊ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက် အသားတင်ပမာဏ၊ ထားသို သိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်ဆုံးမည့် ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ထုတ်လုပ်သည့်နေရာ၊ ပါဝင်သည့်ကုန်ကြမ်းပစ္စည်း ပမာဏအမျိုးအစား၊ ဘေးထွက်ဆိုးကျိုး၊ ခေတ်မတည့်ကြောင်း ဖော်ပြချက်၊ သက်ဆိုင်ရာဌာနများကဖော်ပြရန် သတ်မှတ်ထားသောအချက်များ စသည်တို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပေးရမည် ဖြစ်ပါသည်။

### မမှန်မကန်အချက်အလက်များဖြင့် လိမ်လည်ကြော်ငြာခြင်း မပြုလုပ်ရ

စီးပွားရေးလုပ်ငန်းရှင်များသည် မိမိထုတ်လုပ်တင်သွင်း၊ ဖြန့်ဖြူးရောင်းချ ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကြော်ငြာရာတွင် သတင်းအချက်များ၊ အာမခံချက်များ မဟုတ်မမှန်သော အကြောင်းအရာများ၊ အန္တရာယ်ရှိမှုများ၊ သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး၊ အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားခြင်းများ၊ လူမှုကျင့်ဝတ်နှင့် ဆန့်ကျင်ခြင်းများကို လိမ်လည်လှည့်ဖြား၍ ကြော်ငြာခြင်းများကို မပြုလုပ်ရပေ။ မဖြစ်နိုင်သော ကိစ္စရပ်များ ကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပွားနိုင်ပေသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ဆောင်ရွက်ရာတွင် အသုံးမပြုနိုင်၊ မရနိုင်သော၊ အပြစ်အနာအဆာ၊ ချို့ယွင်းချက်များကို ဖုံးကွယ်ထားသော၊ အခြားကုန်စည်၊ ဝန်ဆောင်မှုများကို ချိုးနှိမ်ဖော်ပြထားသော၊ ပြည့်စုံခိုင်မာမှုမရှိဘဲ ချဲ့ကားဖော်ပြထားသော၊ ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချသော၊ အရောင်းမြှင့်တင်ခြင်းမပြုမီ ဈေးနှုန်းများကို တိုးမြှင့်သော၊ ကုန်စည်တစ်ခုဝယ်ယူရာတွင် မလိုအပ်သော အခြားပစ္စည်းများနှင့် တွဲဖက်ရောင်းချသော ကိစ္စများကို မပြုလုပ်ရပေ။ လိမ်လည်လှည့်ဖြား ရောင်းချရာ ရောက်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းဝယ်ဆောင်ရွက်ရာတွင် မူလကုန်စည်၊ ဝန်ဆောင်မှုများကို ပြုပြင်ပြောင်းလဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးနှင့် ကိုက်ညီသည်ဟု မမှန်မကန်ဖော်ပြခြင်း၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲကျော်လွန်နေသော ကုန်စည်များကို ရောင်းချခြင်း၊ အမျိုးအစားတူ အရည်အသွေးနိမ့် ကုန်စည်များကို ရောနှောရောင်းချခြင်း၊ စားသုံးရန်မသင့်သော ကုန်စည်များ ရောင်းချခြင်းများကို ဆောင်ရွက်၍ စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်စေမည့်ကိစ္စများကို မရိုးမဖြောင့်သောသဘောဖြင့် မပြုလုပ်ရန် တားမြစ်ထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ မပါရှိသော၊ သတင်းအချက်အလက်များ တိကျမှုမရှိသော၊ ကိုက်ညီမှုမရှိသော၊ သတင်းအချက်အလက်များ တိကျမှုမရှိသော၊ ကိုက်ညီမှုမရှိသော၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့တွင် ဖော်ပြထားချက်များနှင့် ညီမှုမရှိသော၊ အငြင်းပွားလျက်ရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် ပိတ်ပင်ထားပါသည်။

### ကျန်းမာပျော်ရွှင်စွာ လူ့သက်တမ်းစေ့နေထိုင်ရေး

စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အရောင်းမြှင့်တင်ခြင်းများ ပြုလုပ်ရာ၌ သတ်မှတ်ကာလအတွင်း ကြော်ငြာအသိပေးထားသည့် ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန် အစီအစဉ်မရှိဘဲ အထူးဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊ ဆုကြေးပေးရန်၊ အခမဲ့ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ် မပေးနိုင်ဘဲ ရောင်းချရန် ကမ်းလှမ်းခြင်း၊ စားသုံးသူများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းကို အနှောင့်အယှက် ဖြစ်စေသည့် နည်းလမ်းတစ်ခုခုကို အသုံးပြု ရောင်းချရန် ကမ်းလှမ်းခြင်းများ မပြုရပေ။

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများသည် တိမ်မယောင်နှင့် နက်သည်၊ လွယ်မယောင်နှင့် ခက်သည့် လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ စားသုံးသူများရော၊ စီးပွားရေး လုပ်ငန်းရှင်များရော၊ သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများရော၊ အသင်းအဖွဲ့များရော ကိုယ်စီ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်၊ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြမှသာလျှင် အောင်မြင်မှု မြန်ဆန်စွာ ရရှိမည် ဖြစ်ပါသည်။ လူ့သက်တမ်းအနေဖြင့် မြန်မာနိုင်ငံသားများသည် ၂၀၁၅ ခုနှစ် စာရင်းအရ ကျား(၆၂)နှစ်၊ မ (၆၅)နှစ် အထိသာ ရှိနိုင်တော့သဖြင့် သက်တမ်းတဖြည်းဖြည်း တိုလာနေသည်ကို ထိတ်လန့်ဖွယ်တွေ့ရှိရသည်။

လူတို့သည် မိမိမျက်စိရှေ့တွင် ချက်ချင်းသေကျေ၊ ဒဏ်ရာရရှိမှုများကို မြင်တွေ့ရပါက ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ကြသော်လည်း အမြင်လှလှ၊ အသွင်ကြွကြွ ထုပ်ပိုးကာ၊ ကြော်ငြာအားကောင်းကောင်းဖြင့် ထုတ်လုပ်ဆောင်ရွက်ထားပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော၊ ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကြောင့် တဖြည်းဖြည်း သေဆုံးမှာ၊ ထိခိုက်ဒဏ်ရာရရှိမှာ၊ ရောဂါမျိုးစုံစွဲကပ်မှာ ၊ အလှပျက်၊ ဘဝပျက်ရမှာကိုမူ သတိထားမိသူ၊ ထိတ်လန့်၊ တုန်လှုပ်ကြောက်ရွံ့စရာဖြစ်သူ လွန်စွာနည်းပါးလျက်ရှိသည်၊ ဝမ်းနည်းစရာကောင်းလှသည်။ သတိထား ဆင်ခြင်ကာ၊ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။ ထိုသို့မဟုတ်ပါကမူ အချိန်နှောင်းမှ ရရှိသည့် နောင်တများကို ရင်ဝယ်ပိုက်ကာ ကြေကွဲဝမ်းနည်းမှုများဖြင့် အဆုံးသတ်ကြရမည့်သူများ ဒုနဲ့ဒေး ဖြစ်လာမည်ကို စိုးရိမ်မိပါသည်။

သို့ဖြစ်၍ ကျန်းမာပျော်ရွှင်စွာဖြင့် လူ့သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် စားသုံးသူများသည် ကုန်စည်၊ဝန်ဆောင်မှုများကို ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ မရှိ စနစ်တကျရွေးချယ်ရယူ စားသုံး ဆောင်ရွက်ကြပါရန်၊ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကုစားဖြေရှင်းမှု ရယူရန် တိုင်ကြားကြပါရန်၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိသော၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ နိုင်ငံတကာသတ်မှတ်ချက်များနှင့်ကိုက်ညီ ကုန်စည်၊ ဝန်ဆောင်မှုများကိုသာ ထုတ်လုပ်ဆောင်ရွက်ကြပါရန်၊ ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ၍ တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ဖြင့် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# အမေရိကန်ပြည်ထောင်စု၏ ၄၆ ယောက်မြောက် သမ္မတအဖြစ် ဂျိုးဘိုင်ဒင် ကျမ်းသစ္စာကျိန်ဆို



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အိမ်ဖြူတော်မှ ထွက်ခွာရန် ရဟတ်ယာဉ်ပေါ်အတက်တွင် လက်ပြနှုတ်ဆက်နေစဉ်။



ဘိုင်ဒင်နှင့် ကာမလာဟားရစ်တို့ကို အမေရိကန်သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီ အမေရိကန်လွှတ်တော်အဆောက်အအုံရှေ့၌ တွေ့ရစဉ်။

ဝါရှင်တန် ဇန်နဝါရီ ၂၀

**ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် အမေရိကန်နိုင်ငံ၏ ၄၆ ယောက်မြောက်သမ္မတအဖြစ် ကျမ်းသစ္စာဆိုတော့မည်ဖြစ်သည့်အတွက် အမေရိကန်တစ်နိုင်ငံလုံး စိတ်လှုပ်ရှားလျက်ရှိနေကြချိန်တွင် အိမ်ဖြူတော်တွင် ၄၅ ယောက်မြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ဝါရှင်တန်မှ ထွက်ခွာတော့မည်ဖြစ်သည့်အတွက် ဘိုင်ဒင်၏ သမ္မတ တင်မြှောက်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိတော့ကြောင်း နိုင်ငံတကာသတင်းများတွင် ရေးသားဖော်ပြထားကြသည်။**

အဲယားဖို့စ်ဝမ်းကို သမ္မတအဖြစ်နောက်ဆုံးမစီးခင် အချိန်အတွင်း မေရီလန်း၏ အင်ဒရူး လေတပ်အခြေစိုက်စခန်းတွင် ၎င်းကိုလိုက်ပါနှုတ်ဆက်ခဲ့ကြသည့် ထောက်ခံသူများကို ပုံစံတစ်မျိုးဖြင့် ပြန်လည်တွေ့ကြမည်ဟု လက်ပြနှုတ်ဆက်ခဲ့ပြီး ကောင်းမွန်သောဘဝဖြစ်ပါစေ၊ မကြာမီပြန်လည်တွေ့ဆုံကြမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုကြီး ကပ်ဘေးကြောင့် ခက်ခဲသည့်အချိန်နှင့်ရင်ဆိုင်နေရချိန်တွင် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် သမ္မတအဖြစ် ကျမ်းသစ္စာဆိုမည်ဖြစ်သည်။ အလားတူ ကာမလာဟားရစ်သည်လည်း အမေရိကန်နိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာ ဆိုမည်ဖြစ်သည်။ သမ္မတထက်စောပြီး ဒုတိယသမ္မတက ကျမ်းသစ္စာဆိုရမည် ဖြစ်သည်။

ကျမ်းသစ္စာဆိုပွဲမတိုင်မီ ဆုတောင်းဝတ်ပြုပွဲသို့ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ မစ်ချ်မက်ကွန်းနဲလ်၊ ချက်ခ်စကူမာ၊ နန်စီပယ်လိုစီတို့သည် ဘိုင်ဒင်နှင့်အတူ တက်ရောက်ခဲ့ကြသည်။

ကျမ်းသစ္စာ ဆိုပွဲမတိုင်မီ အချိန်အတွင်း အရေးကြီးပုဂ္ဂိုလ်များသည် အမေရိကန်လွှတ်တော် အဆောက်အအုံကြီးသို့ တဖွဲဖွဲရောက်ရှိလာခဲ့သည်။ ယခင်အမေရိကန်သမ္မတများဖြစ်ကြသော ကလင်တန်၊ ဘုရှ်နှင့် အိုဘားမားတို့သည် ဘိုင်ဒင်၏ သမ္မတအဖြစ်ခံယူပွဲသို့ တက်ရောက်ခဲ့ကြသည်။ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သည်လည်း ဘိုင်ဒင်၏ သမ္မတကျမ်းသစ္စာဆိုပွဲသို့ တက်ရောက်ခဲ့သည်။

အမေရိကန်အရှေ့ပိုင်းစံတော်ချိန် ၁၁ နာရီခွဲ (ဂရင်းနစ်စံတော်ချိန် ၁၆:၃၀ )တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ဂျိုးဘိုင်ဒင်နှင့် ကာမလာဟားရစ်တို့သည် မွန်းလွဲပိုင်းတွင် ကျမ်းသစ္စာဆိုခဲ့ကြသည်။

ကျမ်းသစ္စာဆိုပြီးနောက် အသက် ၇၈ နှစ်ရှိပြီဖြစ်သော ဂျိုးဘိုင်ဒင်သည် အမေရိကန်ပြည်ထောင်စု၏ ဒုတိယမြောက် ကာသိုလစ် (ဘရင်ဂျီဂိုဏ်းဝင်) သမ္မတတစ်ဦး ဖြစ်လာခဲ့သည်။

အမေရိကန်တရားရုံးချုပ် တရားသူကြီးချုပ် ဂျွန်ရောဘတ်က ဘိုင်ဒင်ကို သမ္မတအဖြစ် ကျမ်းသစ္စာတိုင်တည်ဆိုပေးခဲ့သည်။ အလားတူ အမေရိကန် တရားရုံးချုပ်တွဲဖက်တရားသူကြီးချုပ် ဆိုနီယာဆိုတို မေယာက ကာမလာဟားရစ်ကို ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာတိုင်တည်ဆိုပေးခဲ့သည်။

ကျမ်းသစ္စာဆိုပြီးနောက် မိန့်ခွန်းပြောကြားခဲ့ရာ ဘိုင်ဒင်က ၎င်း၏မိန့်ခွန်းတွင် "ဒါဟာအမေရိကရဲ့နေ့တစ်နေ့ပါပဲ။ ဒါဟာ ဒီမိုကရေစီနေ့ပါပဲ။ သမိုင်းနေ့ထူးနေ့မြတ်တစ်ခုလည်းဖြစ်သလို မျှော်လင့်ချက်ရောင်ခြည်သစ်တွေသန်းနေတဲ့နေ့တစ်နေ့လည်းဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ စမ်းသပ်မှုအသစ်တွေနဲ့တွေ့ကြုံခဲ့ရပြီး စိန်ခေါ်မှုတွေနဲ့ နိုးထလာခဲ့ပါတယ်။

ဒီမိုကရေစီဟာ တန်ဖိုးရှိတယ်ဆိုတာကို မိမိတို့ထပ်မံလေ့လာခဲ့ကြရပါတယ်။ အလားတူ ဒီမိုကရေစီဟာ အထိခိုက်မခံပါဘူး။ ဒီအချိန်မှာ မိမိရဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေကိုပြောချင်တာက ဒီမိုကရေစီဟာ အနိုင်အပြားမှာ ဖြစ်ပေါ်နေပြီး ရေပန်းစားနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ ဒူပေနာပေခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသိမြင်သဘောပေါက်သလို မိမိတို့နိုင်ငံရဲ့ ခွန်အားကိုလည်းသိမြင်သဘောပေါက်ပါတယ်"ဟု ဘိုင်ဒင်က ပြောကြားသည်။

ဆက်လက်၍ မိမိတို့ဟာ ကြီးမြတ်တဲ့ နိုင်ငံဖြစ်ကြောင်း၊ ရာစုနှစ်ကျော် ခိုက်ရန်ဒေါသတွေနဲ့မုန်တိုင်းဒဏ်တွေ၊ ငြိမ်းချမ်းရေးနဲ့ စစ်ပွဲတွေကို ဖြတ်ကျော်လာခဲ့ပြီး ယခုအချိန်ထိရောက်ရှိလာကြောင်းနှင့် ဆက်လက်ခရီးဆက်ရဦးမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားသည်။

ရီပတ်ဘလစ်ကန်လွှတ်တော်အမတ် ၁၇ ဦးသည်လည်း အမေရိကန်နိုင်ငံ၏ ၄၆ ယောက်မြောက်သမ္မတဘိုင်ဒင်နှင့် လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေကြောင်း ဘိုင်ဒင်သို့ စာပေးပို့အကြောင်းကြားခဲ့သလို နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များကလည်း ဝမ်းမြောက်ကြောင်း ဆုတောင်းပတ္တနာပြုကြမည် ဖြစ်သည်။

ဘိုင်ဒင်သည် ၎င်း၏ ပထမသမ္မတသက်တမ်း ရက် ၁၀၀ အတွင်း အမေရိကန်ပြည်သူ သန်း ၁၀၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသလို သမ္မတဖြစ်လာသည့် ပထမဆုံးနေ့တွင် အမေရိကန်ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်ရန် ပြဋ္ဌာန်းချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။ ဘိုင်ဒင်အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးကို စွမ်းစွမ်းတမံလုပ်ဆောင်သွားရန် ဆန္ဒပြုထားကြောင်း သိရသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်ခိုင်းမည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်ကိုလည်း ပြန်လည်ပြင်ဆင်သွားမည်ဖြစ်သည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ၊ ဘီဘီစီ၊ စီအင်န်အင်န်**

# အိန္ဒိယနိုင်ငံက နီပေါနိုင်ငံကို ကာကွယ်ဆေး တစ်သန်း ထောက်ပံ့ပေးမည်

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၀**

အိန္ဒိယနိုင်ငံက နီပေါနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်သန်းကို အကူအညီအနေဖြင့် ပေးအပ်မည်ဖြစ်ကြောင်း နီပေါကျန်းမာရေးနှင့် လူဦးရေဝန်ကြီး ဟရီဒါရက်စ် ထရီပသီက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဇန်နဝါရီ ၂၁ ရက်တွင် နီပေါနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ခတ္တမန္ဒူ၌ အိန္ဒိယသံရုံးနှင့် နီပေါကျန်းမာရေးဝန်ကြီးဌာနတို့ ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီး ဟရီဒါရက်စ်က ပြောကြားသည်။

နီပေါအစိုးရက နီပေါနိုင်ငံလူဦးရေ၏ ၇၂ ရာခိုင်နှုန်းဖြစ်သည့် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။နီပေါနိုင်ငံ၏ ဆေးဝါးကွပ်ကဲမှုဌာနက ဇန်နဝါရီ ၁၅ ရက်တွင် အဆိုပါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ပေးခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများ၊ သန့်ရှင်းရေးဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ထမ်းဆောင်သူများကို ကာကွယ်ဆေးပထမဆုံးထိုးနှံပေးမည်ဖြစ်ကြောင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အီဂျစ်နိုင်ငံတွင် သက်တမ်း နှစ်ပေါင်း ၄၃၀၀ကျော်ရှိ မိဖုရားတစ်ပါး၏ ဂူဗိမာန် တူးဖော်တွေ့ရှိ

**ကိုင်ရို ဇန်နဝါရီ ၂၀**

နှစ်ပေါင်း ၄၃၀၀ ကျော်ကာလက ရှေးဟောင်း အီဂျစ်တိုင်းပြည်၏ ဆဋ္ဌမမြောက် မင်းဆက်ဖြစ်သည့် ဖာရိုဘုရင် Teti ၏ မိဖုရားတစ်ပါး၏ ဂူဗိမာန်ကို အီဂျစ်နိုင်ငံ ဂီဆာပြည်နယ်ရှိ ဆက်ကွာရာဒေသ၌ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါမိဖုရား၏ ဂူဗိမာန်ကို ဇန်နဝါရီ ၁၆ ရက်က တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဂူဗိမာန်တွင် ရေးသားထားသည့် စာများကို ဖတ်ရှုရာမှ ဂူဗိမာန်ပိုင်ရှင်မှာ ဖာရိုဘုရင် Teti ၏ မိဖုရားကြီးဖြစ်သည်ကို အတည်ပြုနိုင်ခဲ့ကြောင်း အီဂျစ်နိုင်ငံ၏ အထင်ကရ ရှေးဟောင်းသုတေသနပညာရှင် ဇဟီဟာဝက်စ်က ပြောကြားခဲ့သည်။

ယင်းနေရာ၌ ပိရမစ်တစ်ခုရှိကြောင်းကို ၂၀၁၀ ပြည့်နှစ်က သိရှိခဲ့ရသော်လည်း ပိရမစ်၏ ပိုင်ရှင်မည်သူဆိုသည်ကို မသိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဖာရိုဘုရင် Teti ထံ၌ မိဖုရားကြီးနှစ်ပါးရှိကြောင်း သိခဲ့ရပြီး ယခုတွေ့ရှိချက်အရ တတိယမြောက် မိဖုရားကြီးတစ်ပါးရှိခဲ့ကြောင်း သိရှိရပြီဖြစ်ကာ Neit အမည်ရှိ မိဖုရားကြီးကို အီဂျစ်သမိုင်းကြောင်းတွင် ထည့်သွင်း ရေးသားနိုင်ပြီဖြစ်ကြောင်း ၎င်းကပြောသည်။

အီဂျစ်နိုင်ငံရှိ ဆက်ကွာရာ ဒေသသည် ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှု အမွေအနှစ်များ ကျန်ရစ်ရာ အချက်အချာနေရာဖြစ်ပြီး ဖာရိုဘုရင်နှင့် မင်းညီမင်းသားများ၏ ဂူဗိမာန် အမြောက်အမြားတည်ရှိရာ နေရာဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



အီဂျစ်နိုင်ငံ ဆက်ကွာရာဒေသတွင်တူးဖော်တွေ့ရှိခဲ့သည့် သစ်သားခေါင်းတလားတစ်လုံးကို တွေ့ရစဉ်။

# အီရတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရန် ဆီနိုဖမ်းနှင့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးများကို အရေးပေါ်အသုံးပြုခွင့်ပေး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

**အီရတ်နိုင်ငံက ကိုဗစ်–၁၉ ကပ်ရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် တရုတ်နိုင်ငံ၏ ဆီနိုဖမ်းနှင့် ဗြိတိန်နိုင်ငံ၏ အက်စ်ထရာဇနီကာ ကာကွယ်ဆေးများကို အရေးပေါ်အသုံးပြုရန် ဇန်နဝါရီ ၁၉ ရက်က ခွင့်ပြုပေးလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

အီရတ်နိုင်ငံ၏ အမျိုးသားဆေးဝါးများရွေးချယ်ရေးအဖွဲ့က ယင်းကာကွယ်ဆေးနှစ်မျိုးကို အရေးပေါ်အသုံးပြုရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးများ လက်ခံရယူရန်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြင်ဆင်မှုများကို ပြုလုပ်ထားပြီးဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံရမည့်အုပ်စုများကို ခွဲခြားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဟက်ဆန်အယ်လ်တာမီမိက ၎င်း၏ရုံးတွင် အီရတ်အမျိုးသားဆေးဝါးရွေးချယ်ရေးအဖွဲ့နှင့် ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအမျိုးသားဆေးဝါးအုပ်စု (ဆီနိုဖမ်း) မှ ထုတ်လုပ်သည့် ကာကွယ်ဆေးသည် အီရတ်အမျိုးသားဆေးဝါးရွေးချယ်ရေးအဖွဲ့၏ စံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း၊ ထို့ကြောင့် အသုံးပြုရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေ့ဖ် အယ်လ်ဘားက ပြောကြားလိုက်သည်။

အီရတ်အမျိုးသားဆေးဝါး ရွေးချယ်ရေးအဖွဲ့သည် ဖိုက်ဇာ– ဘိုင်ရွန်တက်ခ်ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ခွင့်ပြုခဲ့ပြီဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၂၃ ဦးရှိမှုနှင့်အတူ စုစုပေါင်း ရောဂါကူးစက်မှုအရေအတွက် ၆၀၉၈၅၂ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်များအရ သိရသည်။

ထို့အပြင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် စုစုပေါင်းသေဆုံးသူ ၁၂၉၆၂ ဦးရှိခဲ့ပြီး ပြန်လည်ကျန်းမာလာသူပေါင်း ၅၇၃၀၁၁ ဦး ရှိလာပြီဖြစ်သည်။

အီရတ်နိုင်ငံ၏ ကိုဗစ်–၁၉ တိုက်ဖျက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံက အကူအညီပေးလျက်ရှိသည်။

ထို့အပြင် တရုတ်နိုင်ငံက အီရတ်နိုင်ငံအား ဆေးဘက်ဆိုင်ရာအကူအညီ သုံးကြိမ်ပေးပို့ခဲ့ကြောင်းလည်း သိရသည်။

ဆင်ဟွာ



တရုတ်နိုင်ငံမှ ဆီနိုဖမ်း ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပြသနေစဉ်။

# မလေးရှားနိုင်ငံက ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများကို ရက်ထပ်တိုးသတ်မှတ်သွားမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၀

မလေးရှားနိုင်ငံသည် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးရန် နိုင်ငံ၏ ဒေသအတော်များများတွင် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်လျက်ရှိရာ အဆိုပါ ကန့်သတ်ပိတ်ဆို့မှုများကို ရက်ထပ်တိုး သတ်မှတ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အစ္စမေးလ် ဆာဘရီယာ ကော့ဘ်က ဇန်နဝါရီ ၁၉ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်–၁၉ ကန့်သတ်တားဆီးမှုများကို ပူးပေါင်းအကောင်အထည်ဖော်နေသည့် အစ္စမေးလ်သည် ကီဒါ၊ ပီရက်ခ်၊ နီဂရီဆန်ဘီလန်၊ ဖာဟန်နှင့် တီရန်ဂနူတို့တွင် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများကို ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ချမှတ်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးက လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၃၁ ဦးရှိလာပြီးနောက် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်–၁၉ ဖြစ်ပွားသူ ၁၆၅၃၇၁ ဦးအထိ ရှိလာခဲ့သည်။ နောက်ထပ် ၁၄ ဦး သေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၆၁၉ ဦးဖြစ်လာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ထပ်မံကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ပိုးတွေ့လူနာများအနက် ခုနစ်ဦးမှာ နိုင်ငံခြားမှကူးစက်မှုဖြစ်ပြီး ကျန်ရှိသည့် ၃၆၂၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယခင်က အစိုးရသည် မြို့တော် ကွာလာလမ်ပူ၊ ပီနန်၊ ဆီလန်ဂေါ၊ မလက်ကာ၊ ဂျိုဟောနှင့် ဆာဘား ပြည်နယ်တို့တွင် ဇန်နဝါရီ ၁၃ ရက်မှ ၂၆ ရက်အထိ တင်းကျပ်သော ဆောင်ရွက်ချက်များ ချမှတ်ခဲ့သည်။

တင်းကျပ်သည့်ကန့်သတ်ပိတ်ဆို့မှုများအောက်တွင် လူစုလူဝေးများပါဝင်သည့် လူမှုရေးပွဲလမ်းသဘင်များအားလုံးကို တားမြစ်ထားသည်။ ဒေသခံများကို ၁၀ ကီလိုမီတာအတွင်းသာ သွားလာခွင့်ပြုထားပြီး စားသောက်ဆိုင်များတွင် စားသောက်သည့်စနစ်များကိုလည်း တားမြစ်ပိတ်ပင်ထားသည်။

ထုတ်လုပ်ခြင်း၊ တည်ဆောက်ရေး၊ သယ်ယူပို့ဆောင်ရေးတို့ကဲ့သို့သော အရေးကြီးသည့် စီးပွားရေးကဏ္ဍများကို လုပ်ကိုင်ခွင့်ပြုထားသော်လည်း ဝန်ထမ်းအင်အားလျှော့ချလုပ်ဆောင်ရမည်ဖြစ်သည်။ ၂၉၄၄ ဦး ကိုဗစ်– ၁၉ ကူးစက်ခံစားရမှုမှ ပြန်လည် ကောင်းမွန်လာပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူ ၁၂၅၂၈၈ ဦးရှိလာပြီဖြစ်သည်။ ကျန်ရှိနေသေးသည့် ကိုဗစ်– ၁၉ လူနာ ၉၄၆၄ ဦးအနက် ၂၃၈ ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၉၆ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာဖြင့် အသက်ရှူနေရကြောင်း သိရသည်။

ဆင်ဟွာ



မလေးရှားဝန်ကြီးချုပ် မူရစ်ဒင်ယာဆင် ကိုဗစ်–၁၉ ကုသရေးနှင့် ကန့်သတ်စောင့်ကြည့်ရေးဌာနသို့ လာရောက်လေ့လာစဉ်။

# ဆားဘီးယားကျန်းမာရေးဝန်ကြီး ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခံခဲ့သည့် ပထမဆုံးလူတစ်ဦးဖြစ်လာ

ဘဲလ်ဂရိတ် ဇန်နဝါရီ ၂၀

ဆားဘီးယားကျန်းမာရေးဝန်ကြီး ဇလာတီ ဘောလွန်ကာသည် ဇန်နဝါရီ ၁၉ ရက်က တရုတ်နိုင်ငံဆေးဝါးကုမ္ပဏီ ဆီနိုဖမ်း၏ ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပထမဆုံးအထိုးခံခဲ့သူတစ်ဦးဖြစ်ခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၀ ရက်က ဖော်ပြလိုက်သည်။

ကာကွယ်ဆေးထိုးခံပြီးနောက် လွန်ကာသည် နိုင်ငံသားများအား ကာကွယ်ဆေးထိုးခံရန်ပြောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်ဆေးထိုးခြင်းသည် ကိုဗစ်– ၁၉ ကို တိုက်ဖျက်ရန် ဆားဘီးယားနိုင်ငံ၏ တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

ဖိုက်ဇာ–ဘိုင်ရွန်တက်ခ်နှင့် စပွန်နစ်ဗွီ ကာကွယ်ဆေးများပြီးနောက် တရုတ်နိုင်ငံ၏ကာကွယ်ဆေးသည် ဆားဘီးယားနိုင်ငံတွင် တတိယမှတ်ပုံတင်ခဲ့သောဆေးဖြစ်ကြောင်း ၎င်းက ထောက်ပြပြောဆိုခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများသည် အစွမ်းထက်ထိရောက်ပြီး စိတ်ချရသော ဆေးဝါးများဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆီနိုဖမ်းကာကွယ်ဆေး အလုံးရေတစ်သန်းခန့်သည် ဇန်နဝါရီ ၁၆ ရက်က ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ် လေဆိပ်သို့ ရောက်ရှိလာခဲ့သည့်အတွက် သမ္မတ အဲလက်ဇန္ဒြားဗူးစစ်က ဝမ်းသာအားရကြိုဆိုခဲ့သည်။

ဆားဘီးယားနိုင်ငံတွင် ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန် ကတည်းက ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၇၅၇၉၉ ဦး ကူးစက်ခံခဲ့ရပြီးနောက် သေဆုံးသူ ၃၇၉၁ ဦး ရှိခဲ့သည်။

ဆင်ဟွာ


ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးမှုကို ခံယူနေသော ဆားဘီးယား ကျန်းမာရေးဝန်ကြီး ဇလာတီဘောလွန်ကာ။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်ပြီ

မနီလာ ဇန်နဝါရီ ၂၀

ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်က ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၆၄ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံးသေဆုံးသူ အရေအတွက်စုစုပေါင်း ၁၀၀၄၂ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဇန်နဝါရီ ၂၀ ရက်တွင် ဖော်ပြသည်။

ရောဂါကြောင့် သေဆုံးသူ အရေအတွက်မှာ ရောဂါကူးစက်ဖြစ်ပွားမှု၏ ၁ ဒသမ ၉၈ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၁၈၆၂ ဦး ထပ်တိုးခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာ စုစုပေါင်း ၅၀၅၉၃၉ ဦးအထိ ရှိလာပြီဖြစ်သည်။

ရောဂါကူးစက်ခံရပြီးနောက် ရောဂါပျောက်ကင်းသူ ၇၆၅ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး ပြန်ကောင်းလာသူ အရေအတွက် စုစုပေါင်း ၄၆၆၉၉၃ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ဖိလစ်ပိုင်လူဦးရေ၏ ၆ ဒသမ ၉၅ သန်းကို ကိုဗစ်–၁၉ စစ်ဆေးခြင်း ဆောင်ရွက်ပြီးပြီဖြစ်သည်။

ဆင်ဟွာ

# ရောဂါထိန်းချုပ်ရေး စည်းကမ်းမလိုက်နာသူတွေကို ပြစ်ဒဏ်ပေးစနစ်ကျင့်သုံးမယ့် ဂျပန်

ကလျာမိုးမြင့်

**ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ တစ်ကျော့ပြီးတစ်ကျော့ ပိုမိုပြင်းထန်တဲ့ အရှိန်အဟုန်နဲ့ ကမ္ဘာတစ်ဝန်းဆီကို ဝင်ရောက်ထိုးနှက် တိုက်ခိုက်လာလျက်ရှိပါတယ်။ ဂျပန်နိုင်ငံကတော့ တတိယအကျော့ ရောဂါကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်ဖို့ ကြိုးပမ်းချက်တစ်ခုအနေနဲ့ ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြင်းထန်တဲ့ စီမံဆောင်ရွက်ချက်အသစ်တွေကို ချမှတ်ဆောင်ရွက်သွားဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။**

## ပြင်းပြင်းထန်ထန် အရေးယူမယ်

ဒီတစ်ကြိမ်မှာတော့ ရောဂါကူးစက်ခံထားရတဲ့ သူတွေဟာ ဆေးရုံတက်ရောက်ကုသမှုခံယူဖို့ မကြိုးစားဘဲ မိမိဘာသာ ကျိတ်ပြီးကုသနေခဲ့ရင် ဖြစ်ဖြစ်၊ ကန့်သတ်စောင့်ကြည့်မှုခံယူဖို့ အာဏာပိုင်တွေရဲ့ ညွှန်ကြားချက်ကို မလိုက်နာခဲ့ရင်ဖြစ်ဖြစ် ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေး အရေးယူဖို့ တင်းကျပ်တဲ့ စည်းကမ်းချက်တွေ ထည့်သွင်းလိုက်ပြီဖြစ်ပါတယ်။

လက်ရှိမှာတော့ တိုကျိုနဲ့ အိုဆာကာ အပါအဝင် ဂျပန်နိုင်ငံရှိ ခရိုင်ပေါင်း ၁၁ ခုဟာ အရေးပေါ် ကြေညာချက်အောက် ရောက်ရှိနေပါတယ်။ သို့သော်လည်းပဲ အရေးပေါ်အခြေအနေကြေညာချက် အသက်ဝင်နေပေမယ့် ဂျပန်နိုင်ငံရဲ့ ဥပဒေအရ ကပ်ရောဂါဖြစ်ပွားမှုနဲ့ ဆက်နွှယ်တဲ့ ပြစ်ဒဏ်ပေးအရေးယူမှုတွေမှာ အခွန်အတုတ် မတန်တဆကောက်ခံခြင်းကိုတော့ဖြင့် ခွင့်ပြုမထားဘူးလို့ သိရပါတယ်။ ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်သူတွေရဲ့လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ခွင့်ပြုထားတဲ့အတွက် အရေးပေါ်အခြေအနေ ကြေညာချက်ဟာ တစ်စိတ်တစ်ပိုင်းလောက်သာ သက်ရောက်နေပါတယ်။

## အလွန်တိုးပွားနေ

ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်တွေဟာ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ တင်းကျပ်တဲ့ အစီအမံတွေ ချမှတ်ဆောင်ရွက်ခွင့် တရားဝင်ရရှိဖို့ အဆိုပြုခဲ့ကြတာဖြစ်ပါတယ်။ ရောဂါပိုး ရှိနေပါလျက် နေအိမ်မှာ ကန့်သတ်စောင့်ကြည့်မှုနဲ့ နေထိုင်ဖို့ ငြင်းဆန်ခဲ့တဲ့ လူနာတွေ အရေအတွက်အလွန် တိုးပွားလာလျက်ရှိကြောင်း ဒေသန္တရ ကျန်းမာရေးဌာနတွေကနေ အစီရင်ခံချက်တွေကို အာဏာပိုင်တွေက ဖော်ပြပြီး ခွင့်ပြုချက်တောင်းခံခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

## မလိုက်နာလျှင် ထောင်ဒဏ်တစ်နှစ်

ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ရောဂါကူးစက်ခံထားရသူတွေကို သတ်မှတ်ထားတဲ့ ကန့်သတ်စောင့်ကြည့်ဌာနတွေမှာ ကန့်သတ် စောင့်ကြည့်မှုခံယူဖို့ ဒါမှမဟုတ် ဆေးရုံတက်ရောက်ကုသမှုခံယူဖို့အတွက် တရားဝင် အမိန့်ထုတ်ပြန်စေချင်တာ ဖြစ်ပါတယ်။ အမိန့်ထုတ်ပြန်ချက်ကို မလိုက်နာသူတွေအတွက် ပြစ်ဒဏ်တွေကတော့ အနည်းဆုံး ထောင်ဒဏ် တစ်နှစ် သို့မဟုတ် ဂျပန်ယန်းငွေ တစ်သန်း (အမေရိကန်ဒေါ်လာ ၁၀၀၀၀) ဒဏ်ကြေးပေးဆောင်စေဖို့ စတဲ့ပြစ်ဒဏ်တွေ ပါဝင်ပါတယ်။

## စတင်မိတ်ဆက်မယ်

ဒီအစီအစဉ်က ဂျပန်ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ကန့်သတ်ချုပ်ချယ်ရာ ကျရင်ကျလိမ့်မယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ ပိုပြီးပြင်းထန်တဲ့ အမိန့်အာဏာတွေကိုမှ မသုံးရင် လက်ရှိဖြစ်နေတဲ့ ရောဂါကူးစက်မှု အခြေအနေတွေကို ကျွန်ုပ်တို့အနေနဲ့ အပြည့်အဝထိန်းချုပ်နိုင်ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလို့ ကျန်းမာရေးဝန်ကြီးက ပြောပါတယ်။

ယခုရက်သတ္တပတ်မှာ စတင်မယ့် လက်ရှိအစိုးရအဖွဲ့ဝင်များ အစည်းအဝေးမှာ ကပ်ရောဂါဆိုင်ရာ စီမံဆောင်ရွက်ချက် အသစ်တွေအတွက် ခွင့်ပြုမယ့် ဥပဒေကြမ်းကို စတင်မိတ်ဆက်ဖို့ အစိုးရက စီစဉ်နေတယ်လို့ သိရပါတယ်။

## ၈၇ ရာခိုင်နှုန်းက ထောက်ခံ

ပြီးခဲ့တဲ့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေအတွင်းမှာ ဂျပန်အစိုးရရဲ့ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒအပြောင်းအလဲတွေနဲ့ ပတ်သက်လို့ အင်န်အိတ်ချ်ကေ သတင်းဌာနက ပြည်သူ ၃၆၀၀ ကို ဆန္ဒသဘောထားကောက်ခံမှု ပြုလုပ်ခဲ့ပါတယ်။ ပြည်သူတစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်ကို ကန့်သတ်ထိန်းချုပ်လိုက်တာကို လက်ခံနိုင်သလားဆိုတဲ့ မေးခွန်းကို မေးမြန်းခဲ့ရာမှာ ၈၇ ရာခိုင်နှုန်းက အဲဒီအကြံဉာဏ်ကို ထောက်ခံတယ်လို့ ဖြေကြားခဲ့ပါတယ်။

ဒါပေမယ့် ကပ်ရောဂါဆိုင်ရာ တင်းကျပ်တဲ့အစီအမံတွေကို ဥပဒေတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းဖို့ဆောင်ရွက်ချက်နဲ့ပတ်သက်လို့ပြည်သူလူထုတွေကြားမှာ သဘောထားကွဲလွဲနေပါတယ်။ ၄၂ ရာခိုင်နှုန်းက အဲဒီဥပဒေကို လိုအပ်တယ်လို့ ဆိုထားပြီး ၁၉ ရာခိုင်နှုန်းက မလိုအပ်ဘူးလို့ ဖြေကြားထားတာကို တွေ့ရပါတယ်။ ၃၈ ရာခိုင်နှုန်းကတော့ မဆုံးဖြတ်တတ်ဘူးလို့ ဖြေထားပါတယ်။

## ယန္တရားတစ်ခု ရှိရမယ်

ပြည်သူတစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်လိုက်တဲ့ ဘယ်လိုဥပဒေမျိုးပဲဖြစ်ဖြစ် လုပ်ပိုင်ခွင့်အာဏာကို တလွဲအသုံးပြုတာမဖြစ်စေဖို့ စီစဉ်ထားတဲ့ ယန္တရားတစ်ခုရှိရမယ်လို့ ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ကျိုတိုတက္ကသိုလ် ပါမောက္ခ ဆိုဂါဘီ မာဆာဟီရိုက သတိပေးခဲ့ပါတယ်။

၎င်းက ဂျပန်နိုင်ငံအနေနဲ့ လူ့အခွင့်အရေးရပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် ပြည်သူ့အာဏာပိုင်တွေကို စွပ်စွဲတိုင်တန်းချက်တွေကို စုံစမ်းစစ်ဆေးဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ရပ်လိုမျိုး အစိုးရအဖွဲ့ကို စောင့်ကြည့်စစ်ဆေးတဲ့ စနစ်တစ်ခု လိုအပ်တယ်လို့ ပြောပါတယ်။ ကပ်ရောဂါ နဲ့ပတ်သက်ပြီး အကြံပေးနေတဲ့ အစိုးရရဲ့ ကျွမ်းကျင်သူများအဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူ အိုကာဘီနိုဘူဟီကိုကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး သတိပေးထားပါတယ်။

## ယာယီဥပဒေအဖြစ် ထားရှိသင့်

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကာဝါဆာကီ စီးတီးအင်စတီကျူရဲ့ အကြီးအကဲလည်းဖြစ်တဲ့ အိုကာဘီနိုဘူဟီကိုက ကျွန်ုပ်တို့အနေနဲ့ သိထားသင့်တဲ့ အချက်တစ်ခုကတော့ ကပ်ရောဂါကြီး ပြီးဆုံးသွားသည့်တိုင်အောင် ကျွန်ုပ်တို့ပြဋ္ဌာန်းထားတဲ့ ဥပဒေကြီးက ဆက်လက်ကျန်ရှိနေခဲ့မယ်ဆိုတဲ့အချက် ဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ထပ် ကူးစက်ရောဂါတစ်ခုထပ်မံဖြစ်ပွားလာခဲ့ရင်လည်း အဲဒီဥပဒေကို ထပ်ပြီးအကောင်အထည်ရဖို့ ဖြစ်လာနိုင်တဲ့အတွက် အလျင်စလို မဆုံးဖြတ်သင့်ဘူး။ ဒါကြောင့် ဒီဥပဒေကို ယာယီဥပဒေတစ်ရပ်အနေနဲ့ပဲထားရှိဖို့ စဉ်းစားသုံးသပ်သင့်တယ်လို့ ၎င်းက အကြံပြုခဲ့ပါတယ်။ ။

အင်န်အိတ်ချ်ကေ




> "ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ရောဂါ ကူးစက်ခံထားရ သူတွေကို သတ်မှတ်ထားတဲ့ ကန့်သတ်စောင့်ကြည့်ဌာနတွေမှာ ကန့်သတ် စောင့်ကြည့်မှု ခံယူဖို့ ဒါမှမဟုတ် ဆေးရုံတက်ရောက်ကုသမှုခံယူဖို့အတွက် တရားဝင် အမိန့်ထုတ်ပြန်စေချင်တာ ဖြစ်ပါတယ်။ အမိန့်ထုတ်ပြန်ချက်ကို မလိုက်နာသူတွေအတွက် ပြစ်ဒဏ်တွေကတော့ အနည်းဆုံး ထောင်ဒဏ်တစ်နှစ် သို့မဟုတ် ဂျပန်ယန်းငွေတစ်သန်း (အမေရိကန်ဒေါ်လာ ၁၀၀၀၀) ဒဏ်ကြေး ပေးဆောင်စေဖို့ စတဲ့ပြစ်ဒဏ်တွေ ပါဝင်ပါတယ်"

---

## နိုင်ငံတကာသတင်းတိုထွာ

### ၂၀၂၀ ပြည့်နှစ်အတွင်း လာအို၌ မော်တော်ယာဉ် မတော်တဆမှုကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိ

**ဗီယင်ကျန်း ဇန်နဝါရီ ၂၀**

လာအိုနိုင်ငံတစ်ဝန်း၌ ၂၀၂၀ပြည့်နှစ်အတွင်း မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုများကြောင့် သေဆုံးသူအရေအတွက် ၁၀၃၁ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။ မတော်တဆဖြစ်ပွားမှုအများစုမှာ အရက်သေစာသောက်စားမှုနှင့် စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် ဖြစ်သည်။

လာအို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဌာနမှ နောက်ဆုံးဖော်ပြသည့် အစီရင်ခံစာအရ နိုင်ငံတစ်ဝန်းတွင် လမ်းပေါ်ဖြစ်ပွားသည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၁၀၃၁ ဦးအပြင် ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀၂၇ ဦး ရှိကြောင်း သိရသည်။

လာအိုနိုင်ငံတစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်ပွားမှုပေါင်း ၆၇၇၄ ခုရှိခဲ့ကာ မော်တော်ယာဉ်အစီးရေ ၁၂၀၀၇ စီးအထိ ထိခိုက်ပျက်စီးခဲ့သည်။ ယာဉ်မတော်တဆ ဖြစ်ပွားမှုများကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁သန်း ကျော်ဖိုးရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

ဆင်ဟွာ

### ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းရပ်ဆိုင်းလိုက်ရသည့် ကုမ္ပဏီ ၉၀၀ကျော်ရှိ

**တိုကျို ဇန်နဝါရီ ၂၀**

ဂျပန်နိုင်ငံတွင် ဗီဇပြောင်း ကိုဗစ် – ၁၉ အသစ်၏ နောက်ဆက်တွဲရိုက်ခတ်မှုကြောင့် ကုမ္ပဏီလုပ်ငန်းပေါင်း ၉၀၀ ကျော်အထိ လုပ်ငန်းရပ်စဲခဲ့ရကြောင်း တဲကိုကုအချက်အလက်ဘဏ် သုတေသနအဖွဲ့က ပြောကြားသည်။

သုတေသနအဖွဲ့က ဖော်ပြသည့်အချက်အလက်များအရ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလမှ ၂၀၂၁ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ ကာလအတွင်းဒေဝါလီခံရန် လျှောက်ထားသည့် ကုမ္ပဏီများ၊ လုပ်ငန်းများရပ်ဆိုင်းကာ ဥပဒေအရ လုပ်ငန်းလုပ်ဆောင်နေသည့် ကုမ္ပဏီများရှိကြောင်း သိရသည်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အဆိုးဆုံးထိခိုက်ခဲ့သည့် လုပ်ငန်းများမှာ စားသောက်ဆိုင်လုပ်ငန်းများဖြစ်ပြီး ဆိုင်ပေါင်း ၁၄၁ ခုအထိ ပိတ်သိမ်းခဲ့ရသည်။

ဒုတိယအဆိုးဆုံး ထိခိုက်သည့်လုပ်ငန်းများမှာ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများဖြစ်ကာ ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၇၂ခုအထိ ပိတ်ထားခဲ့ရသည်။ နောက်ထပ်ထိခိုက်နစ်နာသည့် လုပ်ငန်းများမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ ဖြစ်သည်။ တိုကျိုမြို့နှင့် အနီးဝန်းကျင်ဧရိယာများတွင် ယခုလအစောပိုင်းက အရေးပေါ်အခြေအနေ ကြေညာချက် ထုတ်ပြန်ခဲ့ရာ လုပ်ငန်းထိခိုက်မှုများ ဆက်လက်ဖြစ်လာနိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ပြည်သူ့အကျိုးပြု ကိစ္စရပ်တွေ



လုပ်နည်းလုပ်ဟန်အရ စနစ်ဟောင်းကို လမ်းခွဲပြီး ပြည်သူ့အကျိုးပြု ကိစ္စရပ်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေး အပါအဝင် အခြေခံအဆောက်အအုံကောင်းမွန်အောင်တည်ဆောက်မှုတွေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်မီးလင်းရေးကိစ္စတွေလည်း ပါဝင်ပါတယ်။

ကျွန်မတို့အစိုးရ တာဝန်ယူချိန်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိနိုင်မှု (၃၄ ရာခိုင်နှုန်း)ပဲ ရှိခဲ့ပါတယ်။ ဒီကနေ့ဒီအချိန်မှာတော့ တစ်နိုင်ငံလုံးရဲ့ (၅၇ ရာခိုင်နှုန်း) နီးပါး ရရှိနေပြီဖြစ်ပြီးတော့ ၂၀၂၅ ခုနှစ်မှာ တစ်နိုင်ငံလုံးရဲ့ (၇၅ ရာခိုင်နှုန်း)၊ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး (၁၀၀ ရာခိုင်နှုန်း) ကျော် ရရှိလာအောင် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

ဒါ့အပြင် လူတိုင်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေးလွှမ်းခြုံမှု Universal Health Coverage ဆိုတာကလည်း ကျွန်မတို့ ကတိကဝတ်ပြုထားခဲ့တာပါ။ ရှေ့လာမယ့် (၅)နှစ်တာအတွင်းမှာ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေ၊ ကျန်းမာရေးအထောက်အကူပစ္စည်းတွေကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ဖို့ ၊ နိုင်ငံတကာအဆင့်မီ ဆေးရုံတွေ၊ ဆေးခန်းတွေနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာတွေ တိုးတက်မြင့်မားလာဖို့၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ပြီး ပြည်ပထွက်ငွေလျှော့ချနိုင်ဖို့အတွက် ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ တစ်ရှိန်ထိုးတိုးတက်လာဖို့ အထူးအစီအမံတွေ ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

( အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇၈ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၄၇၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၇၈) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၁၁၂) ခု | (၆၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၄၉) ခု | (၄၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၂၄) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၁၈၇) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၇၆) ခု | (၁) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၃၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၇) ခု | (၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၅) ခု | (၉) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄) ခု | (၄) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၅) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၇၄) ခု | (၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၃၆) ခု | (၂၆၃) ဦး |
| စုစုပေါင်း | (၂၀,၄၇၆) ခု | (၄၇၈) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၁၁–၁–၂၁ | ၁၂–၁–၂၁ | ၁၃–၁–၂၁ | ၁၄–၁–၂၁ | ၁၅–၁–၂၁ | ၁၆–၁–၂၁ | ၁၇–၁–၂၁ | ၁၈–၁–၂၁ | ၁၉–၁–၂၁ | ၂၀–၁–၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၈,၂၅၇ | ၂၁,၇၃၉ | ၁၇,၈၂၇ | ၁၈,၈၂၀ | ၂၂,၇၅၅ | ၁၈,၀၀၅ | ၁၇,၆၅၆ | ၁၈,၈၃၅ | ၂၀,၆၉၄ | ၂၀,၄၇၆ |
| ပိုးတွေ့လူနာ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၂ | ၂.၅ | ၂.၉ | ၃.၂ | ၂.၃ | ၂.၇ | ၂.၅ | ၂.၅ | ၂.၂ | ၂.၃ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၁–၁–၂၀၂၁)ရက်နေ့မှ (၂၀–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၉,၅၀၆) ခု ဖြစ်ပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစု စီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၂၀–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၄၇၆) ဦး | (၂,၁၉၂,၉၉၈) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၄၇၈) ဦး | (၁၃၅,၇၂၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၆၅၇) ဦး | (၁၁၉,၃၁၄) ဦး |
| သေဆုံးလူနာ | (၁၁) ဦး | (၂,၉၉၇) ဦး |

- ယနေ့ **သေဆုံးသူ (၁၁) ဦး**အနက် ရောဂါအခံရှိသူ (၉) ဦးပါရှိပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၅၇) ဦးတွင် –
  - ဆေးရုံများ – (၅၂၄) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၃၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ အနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၃၅၇) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၉-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၅,၂၄၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၉-၁-၂၁) အထိ | (၆-၁-၂၀၂၁) ရက်နေ့မှ (၁၉-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | မရမ်းကုန်း | ၃၈၆၇ | ၇ | ၁၅ | ၇ | ၃ | ၁၃ | ၉ | ၁၁ | ၂ | ၅ | ၁၀ | ၁၄ | ၅ | ၂ | ၇ |
| ၂ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၃၄ | ၇ | ၉ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ | ၇ | ၁၇ | ၃ | ၁၃ | ၁ | ၂ | ၇ |
| ၃ | မင်္ဂလာဒုံ | ၆၀၄၀ | ၁၀ | ၂၂ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ | ၈ | ၆ | ၃ | ၅ | ၅ | ၆ |
| ၄ | မှော်ဘီ | ၂၁၅၉ | ၁၁ | ၇ | ၂၈ | ၃ | ၁၀ | ၁၁ | ၇ | ၃ | ၅ | ၇ | ၃၃ | ၆ | ၀ | ၆ |
| ၅ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၆၅ | ၁၁ | ၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ | ၆ | ၂ | ၄ | ၉ | ၀ | ၆ |
| ၆ | လမ်းမတော် | ၁၂၉၅ | ၁၀ | ၄ | ၁ | ၂ | ၂ | ၃ | ၃ | ၄ | ၀ | ၁ | ၇ | ၂ | ၃ | ၆ |
| ၇ | တောင်ဥက္ကလာပ | ၂၉၉၃ | ၅ | ၃ | ၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ | ၇ | ၃ | ၁၃ | ၈ | ၃ | ၅ |
| ၈ | မြောက်ဥက္ကလာပ | ၅၈၄၄ | ၁၅ | ၇ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ | ၆ | ၁၂ | ၅ | ၁၃ | ၂ | ၁ | ၄ |
| ၉ | လှိုင်သာယာ | ၄၈၁၅ | ၈ | ၁၅ | ၇ | ၉ | ၄ | ၅ | ၉ | ၇ | ၄ | ၉ | ၃ | ၃ | ၁ | ၄ |
| ၁၀ | သင်္ဃန်းကျွန်း | ၄၅၅၃ | ၇ | ၂၀ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ | ၁၀ | ၃ | ၄ | ၆ | ၈ | ၄ |
| ၁၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၁၉၉ | ၁၀ | ၁၇ | ၂ | ၇ | ၃ | ၃ | ၅ | ၃ | ၁၁ | ၃ | ၃ | ၄ | ၁၃ | ၄ |
| ၁၂ | ရွှေပြည်သာ | ၃၈၀၃ | ၅ | ၉ | ၃ | ၆ | ၆ | ၁ | ၃ | ၆ | ၃ | ၄ | ၃ | ၀ | ၁ | ၃ |
| ၁၃ | ရန်ကင်း | ၁၃၀၇ | ၈ | ၇ | ၄ | ၆ | ၄ | ၄ | ၅ | ၇ | ၄ | ၃ | ၀ | ၆ | ၁ | ၃ |
| ၁၄ | လသာ | ၇၉၇ | ၁ | ၂ | ၁ | ၄ | ၂ | ၂ | ၆ | ၁ | ၀ | ၁ | ၄ | ၂ | ၂ | ၃ |
| ၁၅ | ဗိုလ်တထောင် | ၁၁၇၅ | ၂ | ၆ | ၂ | ၂ | ၁ | ၁ | ၂ | ၂ | ၁ | ၀ | ၂ | ၀ | ၂ | ၂ |
| ၁၆ | လှည်းကူး | ၁၁၂၃ | ၃ | ၁၈ | ၄ | ၅ | ၂ | ၆ | ၂ | ၂ | ၇ | ၁ | ၁ | ၁ | ၁ | ၂ |
| ၁၇ | ကျောက်တန်း | ၉၅၉ | ၇ | ၁၀ | ၂ | ၄ | ၇ | ၂ | ၆ | ၄ | ၃ | ၃ | ၂ | ၂ | ၁ | ၂ |
| ၁၈ | ကျောက်တံတား | ၆၄၃ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၅ | ၀ | ၁ | ၂ |
| ၁၉ | သန်လျင် | ၂၈၆၄ | ၂ | ၆ | ၅ | ၁၂ | ၄ | ၆ | ၃ | ၄ | ၃ | ၇ | ၁ | ၃ | ၄ | ၁ |
| ၂၀ | ကမာရွတ် | ၂၄၉၃ | ၃ | ၄ | ၃ | ၁၃ | ၈ | ၂ | ၂ | ၆ | ၁ | ၇ | ၂ | ၀ | ၃ | ၁ |
| ၂၁ | သာကေတ | ၂၄၀၀ | ၃ | ၈ | ၄ | ၃ | ၀ | ၉ | ၀ | ၆ | ၃ | ၅ | ၁ | ၅ | ၃ | ၁ |
| ၂၂ | မင်္ဂလာတောင်ညွန့် | ၁၈၆၃ | ၈ | ၃ | ၁ | ၃ | ၄ | ၂ | ၃ | ၆ | ၄ | ၉ | ၁၀ | ၄ | ၃ | ၁ |
| ၂၃ | ဒေါပုံ | ၁၁၀၆ | ၃ | ၁ | ၃ | ၃ | ၂ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ |
| ၂၄ | အလုံ | ၁၁၀၄ | ၁ | ၂ | ၃ | ၂ | ၁ | ၁ | ၃ | ၄ | ၁ | ၄ | ၂ | ၂ | ၇ | ၁ |
| ၂၅ | ပန်းဘဲတန်း | ၈၈၃ | ၁ | ၃ | ၅ | ၄ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၁ |
| ၂၆ | ပုဇွန်တောင် | ၈၃၃ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၄ | ၂ | ၃ | ၀ | ၁၈ | ၁ |
| ၂၇ | တိုက်ကြီး | ၆၆၁ | ၁ | ၄ | ၁ | ၂ | ၄ | ၀ | ၂ | ၃ | ၁ | ၁ | ၀ | ၀ | ၁ | ၁ |
| ၂၈ | ကွမ်းခြံကုန်း | ၃၀၁ | ၀ | ၁ | ၁ | ၀ | ၄ | ၃ | ၀ | ၁ | ၄ | ၀ | ၀ | ၁ | ၁ | ၁ |
| ၂၉ | အင်းစိန် | ၄၆၂၁ | ၈ | ၄ | ၁၀ | ၉ | ၇ | ၄ | ၀ | ၉ | ၂ | ၁၁ | ၁ | ၂ | ၁၀ | ၀ |
| ၃၀ | တာမွေ | ၃၀၂၂ | ၁၁ | ၁၂ | ၈ | ၁ | ၁၁ | ၇ | ၁၀ | ၁ | ၂ | ၅ | ၁ | ၄ | ၁၁ | ၀ |
| ၃၁ | လှိုင် | ၂၉၆၁ | ၇ | ၈ | ၅ | ၄ | ၂ | ၄ | ၅ | ၀ | ၄ | ၂ | ၂ | ၂ | ၁ | ၀ |
| ၃၂ | ကြည့်မြင်တိုင် | ၂၀၄၂ | ၂ | ၃ | ၈ | ၁ | ၈ | ၁ | ၇ | ၂ | ၀ | ၀ | ၂ | ၂ | ၀ | ၀ |
| ၃၃ | စမ်းချောင်း | ၂၀၃၉ | ၅ | ၁၀ | ၅ | ၆ | ၇ | ၃ | ၄ | ၇ | ၃ | ၃ | ၁ | ၅ | ၆ | ၀ |
| ၃၄ | ဗဟန်း | ၁၅၅၃ | ၄ | ၂ | ၉ | ၂ | ၂ | ၅ | ၇ | ၂ | ၁ | ၂ | ၀ | ၂ | ၃ | ၀ |
| ၃၅ | ဒလ | ၁၄၁၂ | ၂ | ၁ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၆ | ဒဂုံဆိပ်ကမ်း | ၁၂၅၈ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၅ | ၀ | ၀ |
| ၃၇ | တွံတေး | ၉၂၉ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၂ | ၂ | ၀ |
| ၃၈ | ဒဂုံ | ၇၀၅ | ၃ | ၂ | ၀ | ၁ | ၁ | ၂ | ၃ | ၃ | ၃ | ၁ | ၃ | ၀ | ၁ | ၀ |
| ၃၉ | ထန်းတပင် | ၆၄၁ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၄၀ | ဆိပ်ကြီးခနောင်တို | ၄၄၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၄၁ | ခရမ်း | ၄၃၉ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ |
| ၄၂ | သုံးခွ | ၄၂၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၄၃ | ကော့မှူး | ၃၂၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၆၃၀၅ | ၁၉၃ | ၂၅၂ | ၂၂၃ | ၂၀၃ | ၂၄၆ | ၁၆၅ | ၁၈၃ | ၁၅၉ | ၁၄၈ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၅ | ၈၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | ချမ်းမြသာစည် | ၁၉၈၇ | ၁၄ | ၁၄ | ၂၄ | ၂၃ | ၂၀ | ၂၆ | ၁၄ | ၁၈ | ၁၇ | ၂၂ | ၁၇ | ၈ | ၁၀ | ၁၄ |
| ၄၅ | ပြည်ကြီးတံခွန် | ၉၈၆ | ၁၃ | ၁၁ | ၁၇ | ၁၂ | ၁၁ | ၁၄ | ၁၁ | ၈ | ၇ | ၄ | ၁၀ | ၇ | ၇ | ၁၄ |
| ၄၆ | ကျောက်ဆည် | ၂၀၄ | ၁ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၄ | ၂ | ၆ | ၂ | ၇ | ၃ | ၁၃ |
| ၄၇ | မဟာအောင်မြေ | ၂၅၀၆ | ၁၄ | ၄ | ၁၅ | ၁၄ | ၁၆ | ၁၀ | ၁၅ | ၂ | ၁၃ | ၂၀ | ၇ | ၁၃ | ၁၄ | ၁၁ |
| ၄၈ | အောင်မြေသာစံ | ၂၅၄၉ | ၂၀ | ၂၀ | ၂၂ | ၁၅ | ၁၁ | ၉ | ၁၇ | ၁၈ | ၁၄ | ၂၇ | ၁၅ | ၂၈ | ၂၂ | ၈ |
| ၄၉ | ကျောက်ပန်းတောင်း | ၁၈၂ | ၀ | ၁ | ၁ | ၀ | ၃ | ၁၁ | ၀ | ၈ | ၇ | ၉ | ၂ | ၁ | ၅ | ၈ |
| ၅၀ | အမရပူရ | ၁၆၁၄ | ၁၄ | ၉ | ၂၀ | ၉ | ၁၀ | ၁၈ | ၆ | ၉ | ၂ | ၁၁ | ၄ | ၇ | ၆ | ၇ |
| ၅၁ | မြင်းခြံ | ၄၈၈ | ၁၀ | ၀ | ၁၂ | ၅ | ၁၁ | ၁ | ၀ | ၅ | ၉ | ၂ | ၁၀ | ၀ | ၁ | ၇ |
| ၅၂ | ပုသိမ်ကြီး | ၆၈၆ | ၆ | ၃ | ၆ | ၆ | ၁၀ | ၄ | ၃ | ၁၈ | ၄ | ၇ | ၆ | ၄ | ၁၃ | ၆ |
| ၅၃ | ရမည်းသင်း | ၉၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ |
| ၅၄ | မြစ်သား | ၁၁၂ | ၁ | ၀ | ၀ | ၀ | ၂ | ၄ | ၂ | ၂ | ၂ | ၀ | ၇ | ၂ | ၄ | ၄ |
| ၅၅ | ချမ်းအေးသာစံ | ၂၇၀၁ | ၂၅ | ၁၅ | ၂၄ | ၁၂ | ၁၃ | ၂၀ | ၂၀ | ၉ | ၁၀ | ၁၅ | ၁၀ | ၁၂ | ၁၀ | ၃ |
| ၅၆ | ညောင်ဦး | ၁၃၉ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၃ |
| ၅၇ | ပျော်ဘွယ် | ၁၁၅ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၃ |
| ၅၈ | စဉ့်ကူး | ၂၃ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၃ |
| ၅၉ | မလှိုင် | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၂ |
| ၆၀ | မိတ္ထီလာ | ၂၃၃ | ၀ | ၆ | ၀ | ၁ | ၁ | ၀ | ၃ | ၂ | ၁ | ၀ | ၁ | ၁ | ၁ | ၁ |
| ၆၁ | တောင်သာ | ၂၆၇ | ၀ | ၇ | ၁၂ | ၃ | ၆ | ၇ | ၉ | ၀ | ၁၃ | ၁၂ | ၃ | ၅ | ၀ | ၁ |
| ၆၂ | ပြင်ဦးလွင် | ၂၀၇ | ၁ | ၃ | ၄ | ၆ | ၂ | ၄ | ၃ | ၀ | ၀ | ၆ | ၀ | ၂ | ၁၁ | ၁ |
| ၆၃ | နွားထိုးကြီး | ၁၀၃ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၁ |
| ၆၄ | ဝမ်းတွင်း | ၉၈ | ၁ | ၀ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၂ | ၂ | ၁ | ၅ | ၂ | ၁ |
| ၆၅ | ငါန်းဇွန် | ၈၆ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁၀ | ၁ |
| ၆၆ | စဉ့်ကိုင် | ၃၀၇ | ၆ | ၀ | ၂ | ၄ | ၁ | ၁ | ၁ | ၁ | ၁၃ | ၄ | ၀ | ၆ | ၀ | ၀ |
| ၆၇ | သာစည် | ၁၁၈ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၆၈ | မတ္တရာ | ၁၂၂ | ၁ | ၁ | ၂ | ၁ | ၀ | ၃ | ၉ | ၀ | ၁ | ၅ | ၀ | ၁ | ၀ | ၀ |
| ၆၉ | တံတားဦး | ၁၁၇ | ၈ | ၀ | ၆ | ၃ | ၂ | ၁ | ၅ | ၂ | ၅ | ၂ | ၁ | ၂ | ၆ | ၀ |
| ၇၀ | မိုးကုတ် | ၅၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၇ | ၀ | ၀ |
| ၇၁ | သပိတ်ကျင်း | ၄၈ | ၃ | ၁ | ၀ | ၁ | ၀ | ၅ | ၀ | ၀ | ၁ | ၀ | ၄ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၆၁၉၅ | ၁၄၀ | ၁၀၅ | ၁၇၈ | ၁၂၂ | ၁၂၅ | ၁၄၃ | ၁၂၄ | ၁၁၁ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၂ | ၁၃၀ | ၁၁၆ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၃၂၄၂ | ၉၁ | ၂၈ | ၅၂ | ၂၈ | ၂၉ | ၂၀ | ၂၆ | ၁၀ | ၂၁ | ၁၆ | ၁၂ | ၁၅ | ၁၅ | ၅ |
| ၇၃ | တောင်ငူ | ၁၉၆ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁ | ၁ | ၅ |
| ၇၄ | သာယာဝတီ | ၅၂၂ | ၀ | ၀ | ၀ | ၁၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၄ |
| ၇၅ | ဖြူး | ၄၉၆ | ၅ | ၁ | ၁၄ | ၄ | ၆ | ၀ | ၄ | ၃၂ | ၁၄ | ၁၉ | ၁ | ၄ | ၁ | ၄ |
| ၇၆ | ကျောက်တံခါး | ၃၅၉ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁၁ | ၁ | ၁၀ | ၀ | ၇ | ၃ | ၀ | ၄ |
| ၇၇ | သနပ်ပင် | ၁၉၆ | ၀ | ၀ | ၁၅ | ၀ | ၀ | ၁ | ၁ | ၁ | ၇ | ၁ | ၀ | ၀ | ၁ | ၃ |
| ၇၈ | ညောင်လေးပင် | ၂၅၉ | ၀ | ၁ | ၀ | ၀ | ၁၃ | ၀ | ၀ | ၄ | ၄ | ၂ | ၀ | ၄ | ၁ | ၂ |
| ၇၉ | ပြည် | ၂၃၅ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၇ | ၁ | ၄ | ၃ | ၆ | ၄ | ၂ |
| ၈၀ | အုတ်ဖို | ၂၀၃ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၂ |
| ၈၁ | ပေါက်ခေါင်း | ၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ |
| ၈၂ | ဝေါ | ၄၃၉ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၇ | ၁ |
| ၈၃ | ပေါင်းတည် | ၁၁၉ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ |
| ၈၄ | ပန်းတောင်း | ၁၀၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ |
| ၈၅ | လက်ပံတန်း | ၄၆၈ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၆ | ကဝ | ၃၉၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၆ | ၀ | ၁ | ၂ | ၅ | ၀ |
| ၈၇ | မင်းလှ | ၂၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၈ | ဒိုက်ဦး | ၂၂၃ | ၁ | ၅ | ၄ | ၂ | ၀ | ၂ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၉ | ရေတာရှည် | ၁၇၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၀ | ရွှေတောင် | ၁၇၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၉၁ | နတ်တလင်း | ၁၄၃ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၈ | ၁ | ၀ |
| ၉၂ | ကြို့ပင်ကောက် | ၁၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၃ | မိုးညို | ၁၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၄ | အုတ်တွင်း | ၁၁၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၅ | သဲကုန်း | ၉၈ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၉၆ | ဇီးကုန်း | ၈၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ရွှေကျင် | ၇၂ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ထန်းတပင် | ၅၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၉၁၈ | ၁၀၁ | ၄၇ | ၉၄ | ၅၇ | ၅၆ | ၃၁ | ၅၁ | ၆၇ | ၈၂ | ၅၃ | ၂၇ | ၄၄ | ၃၉ | ၃၆ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ပုသိမ် | ၇၈၇ | ၈ | ၂၀ | ၆ | ၄ | ၃ | ၁၀ | ၉ | ၁၇ | ၁၇ | ၇ | ၃ | ၂ | ၆ | ၁၃ |
| ၁၀၁ | ဟင်္သာတ | ၇၄၆ | ၁၄ | ၃ | ၇ | ၇ | ၃၂ | ၆၉ | ၁၀ | ၄ | ၅ | ၂၂ | ၁၂ | ၁၆ | ၁၆ | ၉ |
| ၁၀၂ | မော်လမြိုင်ကျွန်း | ၅၀၀ | ၈ | ၁ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၄ |
| ၁၀၃ | ဓနုဖြူ | ၁၁၀ | ၀ | ၀ | ၀ | ၅ | ၂ | ၀ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၂ |
| ၁၀၄ | ဒေးဒရဲ | ၄၁၆ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ |
| ၁၀၅ | ကျုံပျော်** | ၂၇၅ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၆ | ဘိုကလေး | ၂၆၆ | ၁၁ | ၁၃ | ၄ | ၀ | ၁ | ၀ | ၂၈ | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၁ |
| ၁၀၇ | ဖျာပုံ | ၂၂၈ | ၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ |
| ၁၀၈ | မြောင်းမြ | ၂၁၆ | ၃ | ၄ | ၀ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၀၉ | ဝါးခယ်မ | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၁၀ | အင်္ဂပူ | ၁၅၇ | ၃ | ၂၈ | ၃ | ၀ | ၇ | ၀ | ၇ | ၀ | ၁၀ | ၇ | ၁ | ၂၆ | ၇ | ၁ |
| ၁၁၁ | မအူပင် | ၅၀၆ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၂ | ကျိုက်လတ် | ၂၅၆ | ၂ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၃ | ၅ | ၀ | ၀ |
| ၁၁၃ | လပွတ္တာ | ၂၄၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၄ | ညောင်တုန်း | ၂၄၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ |
| ၁၁၅ | ရေကြည် | ၁၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၆ | ကျောင်းကုန်း | ၈၃ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ကန်ကြီးထောင့် | ၆၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၈ | အိမ်မဲ | ၆၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | လေးမျက်နှာ | ၆၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁၀ | ၂ | ၀ | ၁ | ၁ | ၀ |
| ၁၂၀ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | ဇလွန် | ၄၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ကြံခင်း | ၃၇ | ၁ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၆၅၉ | ၆၀ | ၇၇ | ၂၂ | ၂၅ | ၅၂ | ၈၇ | ၆၅ | ၃၅ | ၅၂ | ၄၈ | ၂၆ | ၅၇ | ၃၄ | ၃၅ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ** | ၁၅၅၅ | ၃ | ၀ | ၅ | ၀ | ၀ | ၅ | ၅ | ၄ | ၀ | ၀ | ၁ | ၀ | ၁ | ၄ |
| ၁၂၇ | ကျောက်တော်** | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၂၈ | အမ်း | ၁၇၂ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၂၉ | ပေါက်တော** | ၁၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၃၀ | ကျောက်ဖြူ | ၄၄၇ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၃၁ | မောင်တော | ၃၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၂ | မြောက်ဦး | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | တောင်ကုတ် | ၁၈၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | ရသေ့တောင် | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | သံတွဲ | ၁၁၈ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပုဏ္ဏားကျွန်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၈ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၂၄၄ | ၇ | ၀ | ၉ | ၂ | ၁ | ၅ | ၆ | ၁၀ | ၁၄ | ၁ | ၁ | ၀ | ၃ | ၇ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | မကွေး | ၄၁၇ | ၁၀ | ၈ | ၆ | ၀ | ၂ | ၀ | ၂ | ၁ | ၄ | ၃ | ၅ | ၁ | ၄ | ၉ |
| ၁၄၄ | ပွင့်ဖြူ | ၉၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၄၅ | မင်းဘူး | ၂၃၈ | ၃ | ၁ | ၀ | ၄ | ၃ | ၀ | ၀ | ၁၄ | ၁ | ၀ | ၃ | ၃ | ၄ | ၂ |
| ၁၄၆ | ပခုက္ကူ | ၁၃၇ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၂ |
| ၁၄၇ | ချောက် | ၁၄၆ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၈ | ၁ | ၃ | ၂ |
| ၁၄၈ | ရေနံချောင်း | ၁၅၄ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၇ | ၁ | ၁ | ၁ |
| ၁၄၉ | ဂန့်ဂေါ | ၇၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၅၀ | အောင်လံ | ၆၁၀ | ၁ | ၄ | ၀ | ၁၂ | ၂ | ၁ | ၈ | ၅ | ၀ | ၁၁ | ၂ | ၃ | ၀ | ၀ |
| ၁၅၁ | စလင်း | ၂၈၀ | ၂ | ၁ | ၀ | ၁၂ | ၁၁ | ၀ | ၂ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ |
| ၁၅၂ | တောင်တွင်းကြီး | ၂၅၄ | ၀ | ၁ | ၁ | ၃ | ၁ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၂ | ၁ | ၀ |
| ၁၅၃ | မြို့သစ် | ၂၄၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၃ | ၁ | ၀ |
| ၁၅၄ | နတ်မောက် | ၂၀၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅၅ | မြိုင် | ၉၃ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၂ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၅၆ | သရက် | ၆၈ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၇ | ဆိပ်ဖြူ | ၅၃ | ၁ | ၀ | ၆ | ၅ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၄၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၁၅၉ | ရေစကြို | ၃၇ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၆၀ | မင်းလှ | ၃၇ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃,၂၇၁ | ၁၉ | ၁၇ | ၁၆ | ၆၂ | ၂၃ | ၆ | ၂၀ | ၄၁ | ၈ | ၁၈ | ၄၅ | ၁၈ | ၁၆ | ၂၀ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင်** | ၁၄၇၁ | ၂၃ | ၂၉ | ၄၂ | ၂၉ | ၉ | ၃၉ | ၂၆ | ၂၃ | ၅၂ | ၂၂ | ၉ | ၁၉ | ၂၂ | ၃၆ |
| ၁၆၉ | ပေါင် | ၁၄၂ | ၀ | ၁ | ၂ | ၂ | ၁ | ၁ | ၀ | ၀ | ၄ | ၁ | ၀ | ၂ | ၁ | ၂ |
| ၁၇၀ | သထုံ | ၄၈၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ |
| ၁၇၁ | ရေး | ၁၁၃ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၂ | ၁ | ၃ | ၀ | ၁ |
| ၁၇၂ | သံဖြူဇရပ် | ၆၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၇၃ | ကျိုက်မရော** | ၇၅ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၁ | ၀ | ၇ | ၁ | ၀ | ၀ | ၂ | ၁ |
| ၁၇၄ | ကျိုက်ထို | ၃၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ |
| ၁၇၅ | ဘီးလင်း | ၁၆၆ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၆ | မုဒုံ | ၈၃ | ၁ | ၁ | ၁ | ၀ | ၀ | ၂ | ၃ | ၀ | ၈ | ၁ | ၁ | ၃ | ၄ | ၀ |
| ၁၇၇ | ချောင်းဆုံ | ၅၅ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၄ | ၃ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၉၆၃ | ၂၆ | ၃၆ | ၄၉ | ၃၄ | ၁၀ | ၄၂ | ၃၂ | ၂၇ | ၇၇ | ၃၃ | ၁၅ | ၃၀ | ၃၁ | ၄၂ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | ကလေး** | ၄၆၄ | ၀ | ၀ | ၉ | ၂ | ၂ | ၆ | ၄ | ၇ | ၇ | ၇ | ၁၀ | ၀ | ၄ | ၁၃ |
| ၁၇၉ | စစ်ကိုင်း | ၅၄၃ | ၂ | ၁၁ | ၁ | ၃ | ၆ | ၂ | ၄ | ၅ | ၃ | ၁၂ | ၅ | ၄ | ၁၆ | ၉ |
| ၁၈၀ | ကန့်ဘလူ | ၁၂၉ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၁ | ၃ | ၀ | ၁ | ၇ | ၁၇ | ၁၅ | ၈ |
| ၁၈၁ | တမူး | ၁၁၃ | ၀ | ၄ | ၁ | ၄ | ၄ | ၀ | ၄ | ၀ | ၄ | ၁ | ၄ | ၂ | ၁ | ၄ |
| ၁၈၂ | ဆားလင်းကြီး | ၈၄ | ၀ | ၀ | ၆ | ၁ | ၀ | ၀ | ၂ | ၂ | ၁ | ၃ | ၃ | ၀ | ၄ | ၄ |
| ၁၈၃ | တန့်ဆည် | ၅၆ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၄ |
| ၁၈၄ | ဝက်လက် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၄ |
| ၁၈၅ | ကနီ | ၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ |
| ၁၈၆ | ရွှေဘို | ၂၂၃ | ၁ | ၂ | ၅ | ၃ | ၀ | ၆ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၀ | ၁ |
| ၁၈၇ | ရေဦး | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၈၈ | ဟုမ္မလင်း | ၃၅ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၉ | မုံရွာ | ၂၀၂ | ၃ | ၀ | ၂ | ၇ | ၅ | ၃ | ၇ | ၈ | ၃ | ၀ | ၉ | ၁ | ၉ | ၀ |
| ၁၉၀ | ယင်းမာပင် | ၈၇ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၉၁ | အင်းတော် | ၄၅ | ၂ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၀ |
| ၁၉၂ | ဒီပဲယင်း | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၃ | ချောင်းဦး | ၄၄ | ၃ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၃ | ၃ | ၁ | ၀ | ၀ |
| ၁၉၄ | ပုလဲ | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၁၉၅ | မင်းကင်း | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၉၆ | ကောလင်း | ၃၆ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ |
| ၁၉၇ | မြင်းမူ | ၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၉၈ | ကသာ | ၂၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ခင်ဦး | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ဘုတလင် | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၀၁ | ကျွန်းလှ | ၂၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၂ | မြောင် | ၂၂ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ |
| ၂၀၃ | အရာတော် | ၁၆ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၀၄ | ကလေးဝ | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လယ်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၄၈၆ | ၁၁ | ၂၀ | ၃၅ | ၂၅ | ၂၁ | ၂၅ | ၂၈ | ၃၅ | ၂၄ | ၄၁ | ၆၄ | ၃၃ | ၅၅ | ၅၂ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | မြဝတီ | ၃၉၉ | ၀ | ၁၂ | ၃ | ၀ | ၀ | ၁၁ | ၀ | ၀ | ၁၁ | ၁ | ၂ | ၄ | ၀ | ၃ |
| ၂၁၅ | ဘားအံ | ၅၆၉ | ၁ | ၁ | ၃၀ | ၂ | ၀ | ၁ | ၀ | ၁ | ၇ | ၂ | ၂၄ | ၃ | ၁ | ၀ |
| ၂၁၆ | ကော့ကရိတ် | ၁၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၈ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၂၉၂ | ၁ | ၁၅ | ၃၇ | ၂ | ၀ | ၁၃ | ၀ | ၂ | ၂၁ | ၃ | ၂၇ | ၈ | ၁ | ၃ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၄၉၆ | ၁ | ၈ | ၀ | ၆ | ၂ | ၂၅ | ၁၉ | ၁ | ၉ | ၂ | ၄ | ၀ | ၀ | ၈ |
| ၂၂၂ | ပျဉ်းမနား | ၉၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၂၃ | ဇမ္ဗူသီရိ | ၂၃၅ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၃ | ၃ | ၀ |
| ၂၂၄ | ပုဗ္ဗသီရိ | ၁၁၄ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၅ | လယ်ဝေး | ၁၀၃ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ |
| ၂၂၆ | တပ်ကုန်း | ၄၉ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၁၇၅ | ၃ | ၁၀ | ၆ | ၆ | ၅ | ၂၇ | ၁၉ | ၃ | ၁၁ | ၄ | ၅ | ၅ | ၅ | ၉ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | မြစ်ကြီးနား | ၁၂၉ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၂ | ၅ | ၃ | ၀ | ၁ | ၁ | ၂ | ၁၃ |
| ၂၃၀ | ဖားကန့် | ၄၆၅ | ၆ | ၄ | ၁ | ၂ | ၂ | ၂ | ၆ | ၅ | ၈ | ၅ | ၀ | ၁ | ၂ | ၁၂ |
| ၂၃၁ | မိုးညှင်း | ၄၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ |
| ၂၃၂ | ရွှေကူ | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၃၃ | ပူတာအို** | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၂၃၄ | ဗန်းမော် | ၂၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၃၅ | မိုးကောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၆ | ဝိုင်းမော် | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၃၇ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၃၁ | ၆ | ၇ | ၂ | ၄ | ၂ | ၈ | ၁၀ | ၁၃ | ၁၁ | ၅ | ၂ | ၆ | ၆ | ၂၈ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၁၉ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၇ | ၆ |
| ၂၄၁ | ထားဝယ် | ၁၁၉ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၃ | ၁ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၂၄ | ၀ | ၄ | ၁ | ၁ | ၁ | ၀ | ၁ | ၃ | ၇ | ၀ | ၂ | ၀ | ၁၁ | ၇ |
| ၁၃။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၅၀ | တီးတိန် | ၁၄၃ | ၇ | ၀ | ၉ | ၁ | ၀ | ၂၀ | ၁ | ၁ | ၃ | ၃ | ၀ | ၅ | ၇ | ၁ |
| ၂၅၁ | မင်းတပ် | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၅၂ | မတူပီ | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၅၃ | ပလက်ဝ | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၅၄ | တွန်းဇံ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | ဟားခါး | ၂၃ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ဖလမ်း | ၂၇ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၃ | ၀ | ၀ | ၂ | ၀ | ၂ | ၂ | ၀ |
| ၂၅၇ | ကန်ပက်လက် | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၅၈ | ထန်တလန် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၃၄ | ၉ | ၀ | ၉ | ၂ | ၂ | ၂၅ | ၅ | ၁ | ၆ | ၅ | ၄ | ၈ | ၉ | ၁ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၉ | ကလော | ၁၀၃ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၃ |
| ၂၆၀ | ပင်းတယ | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၆၁ | လွိုင်လင် | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၂ | တောင်ကြီး | ၂၃၆ | ၁၀ | ၁ | ၀ | ၁၃ | ၁ | ၀ | ၀ | ၅ | ၀ | ၂ | ၀ | ၁ | ၁ | ၀ |
| ၂၆၃ | ရွာငံ | ၅၅ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၆၄ | ရပ်စောက် | ၃၁ | ၀ | ၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ပင်လောင်း | ၂၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | ဆီဆိုင် | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | ညောင်ရွှေ | ၁၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၈ | ဟိုပုံး | ၁၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၉ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၅၁ | ၁၄ | ၂ | ၉ | ၁၄ | ၁ | ၁ | ၁ | ၁၂ | ၁ | ၄ | ၂ | ၁ | ၁ | ၆ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | မူဆယ် | ၆၉ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၃ | ၀ |
| ၂၇၈ | လားရှိုး | ၅၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၀ | ၂ | ၁ | ၁ | ၄ | ၃ | ၀ |
| ၂၇၉ | နောင်ချို | ၃၅ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၀ | ကျောက်မဲ | ၃၃ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ |
| ၂၈၁ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | သီပေါ | ၁၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၈၃ | ကွတ်ခိုင် | ၁၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၄ | မိုးမိတ် | ၁၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၈၅ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | နမ္မတူ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၈၇ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၄ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၈၁ | ၃ | ၀ | ၄ | ၅ | ၈ | ၃ | ၃ | ၃ | ၁၁ | ၃ | ၃ | ၁၀ | ၇ | ၀ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၆၄ | ၃ | ၂ | ၂ | ၂ | ၂ | ၀ | ၃ | ၁ | ၁ | ၁ | ၁ | ၂ | ၀ | ၀ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၀ | ၃ | ၂ | ၂ | ၂ | ၂ | ၁ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၅,၂၄၃ | ၅၉၆ | ၅၉၄ | ၆၉၆ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ |

မှတ်ချက်။ - (၁၉-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ် ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါ စာရင်းတွင်မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များ ဖြစ်ပါသည်။

* ခေတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** ပြထားသောမြို့နယ်များမှ (၁၁) ဦးသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၎င်းတို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် အလှူငွေပေးအပ်ပွဲနှင့် အောက်ဆီဂျင်ဘူးများလှူဒါန်းခြင်း ရေစက်ချ အခမ်းအနားကျင်းပ

**မကွေး ဇန်နဝါရီ ၂၀**

မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်းကြီး၏ ဦးဆောင်မှုဖြင့် မကွေးမြို့ပေါ်ရှိ အလှူရှင်များ စုပေါင်း၍ နိုင်ငံတော်သို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ အောက်ဆီဂျင်ဘူးများ လှူဒါန်းခြင်း စုပေါင်းရေစက်ချအခမ်းအနားကို မဟာဝိသုတာရာမ တိုက်သစ် မာမကသိမ်တော်အတွင်းတွင် ယနေ့နံနက် ၉ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပရိသတ်များက မကွေးမြို့ ရာဇမုနိတောင်ပေါ်ကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင်များဖြစ်သည့် ဦးမောင်မောင်တာ + ဒေါ်အေးအေးဝင်း မိသားစု (တောကွေမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံ မကွေးမြို့) က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် အလှူငွေကျပ်သိန်း ၁၀၀ နှင့် အောက်ဆီဂျင်ဘူးအလုံး ၂၀ အတွက် ငွေကျပ်သိန်း၂၀ စုစုပေါင်းငွေကျပ်သိန်း ၁၂၀ ၊ We Love Magway အဖွဲ့က လှူဒါန်းငွေကျပ်သိန်း ၂၅၀၊ ဒေါက်တာ သူရမောင်မောင် + ဒေါက်တာနန်းအွမ်ခမ်း မိသားစု (ဗစ်တိုးရီးယား ပိုးထည်ဆိုင် မကွေးမြို့) က ကာကွယ်ဆေး ဝယ်ယူရန် အလှူငွေကျပ် ၁၀ သိန်းနှင့် အောက်ဆီဂျင်ဘူး ငါးလုံး အတွက် ငါးသိန်း စုစုပေါင်း ၁၅ သိန်း၊ ဒေါ်ထွေးထွေးဝင်း မိသားစု မကွေးမြို့က ကာကွယ်ဆေးဝယ်ယူရန် အလှူငွေကျပ် ငါးသိန်းနှင့် အောက်ဆီဂျင်ဘူး ငါးလုံးအတွက် ငါးသိန်း စုစုပေါင်း ၁၀ သိန်း၊ မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းက ငွေကျပ် ငါးသိန်း၊ စုစုပေါင်း လှူဒါန်းငွေများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရေး ရန်ပုံငွေထဲသို့ ထည့်ဝင်နိုင်ရန်အတွက် ပထမအကြိမ် လှူဒါန်းခဲ့ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ အလှူရှင်များက လှူဒါန်းသော အောက်ဆီဂျင်ဘူး ၁၁၁ လုံး တို့အား အလှူရှင်များက လှူဒါန်းရာ မကွေးမြို့အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင် က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မကွေးမြို့ မဟာဝိသုတာရာမတိုက်နာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသာသန က ကိုဗစ် -၁၉ ကာကွယ်ဆေး ဝယ်ယူရန်လှူဒါန်းရခြင်း၊ အမှန်တကယ်လိုအပ်လျက်ရှိသော အသက်ကယ် အောက်ဆီဂျင်ဘူး လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြခဲ့ပြီး မကွေးမြို့ သံဃာရာမကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**မေသူလွင် (မကွေး)**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် အကြိမ် (၄၀) မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါကယ်ဆယ်ရေး လေယာဉ်တွင် ဘရာဇီးမှ တစ်ဦး၊ ဥရုဂွေးမှ နှစ်ဦး၊ အီဂျစ်မှ သုံးဦး၊ ဆွစ်ဇာလန်မှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ခုနစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၇၃ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၈၇ ဦး လိုက်ပါခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့် စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး ၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

COVID-19 ရောဂါ ဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင် လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာ မျှဝေပေးမည့် "ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် " ကို နိုဝင်ဘာ ၂၅ ရက်မှ စ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၂၁ ရက် ကြာသပတေးနေ့ ညနေတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး လုပ်ငန်းများကို နည်းပညာအသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင် နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ IT နည်းပညာ အကြံပေး ဦးသာထက်တို့၏ ဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

### ၂၀-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၄၈၀၉၈၄၁ | ၁၄၇၈၆၈၈၆ | ၄၁၁၅၂၀ |
| ၂။ | အိန္ဒိယ | ၁၀၅၉၆၄၄၂ | ၁၀၂၄၅၇၇၄၁ | ၁၅၂၇၅၄ |
| ၃။ | ဘရာဇီး | ၈၅၇၃၅၇၄၂ | ၇၅၁၈၈၄၆ | ၂၁၁၅၁၁ |
| ၄။ | ရုရှား | ၃၆၃၃၉၅၂ | ၃၀၂၇၃၁၆ | ၆၇၂၂၀ |
| ၅။ | ဗြိတိန် | ၃၄၆၆၈၄၉ | ၁၅၅၈၅၀၃ | ၉၁၄၇၀ |
| ၆။ | ပြင်သစ် | ၂၉၃၈၃၃၃ | ၂၁၁၈၁၆ | ၇၁၃၄၂ |
| ၇။ | အီတလီ | ၂၄၀၀၅၉၈ | ၁၇၈၁၉၁၇ | ၈၃၁၅၇ |
| ၈။ | တူရကီ | ၂၃၉၉၇၈၁ | ၂၂၇၇၉၈၇ | ၂၄၃၂၈ |
| ၉။ | စပိန် | ၂၃၇၀၇၄၂ | စိစစ်ဆဲ | ၅၄၁၇၃ |
| ၁၀။ | ဂျာမနီ | ၂၀၇၁၄၇၃ | ၁၇၄၁၈၀၀ | ၄၉၂၄၄ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀- ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၃၉၉၄၈ | ၇၆၃၇၀၃ | ၂၆၈၅၇ |
| ဖိလစ်ပိုင် | ၅၀၅၉၃၉ | ၄၆၆၉၈၃ | ၁၀၀၄၂ |
| မလေးရှား | ၁၆၉၃၇၉ | ၁၂၇၆၆၂ | ၆၃၀ |
| မြန်မာ | ၁၃၅၇၂၁ | ၁၁၉၃၁၄ | ၂၉၉၇ |
| စင်ကာပူ | ၅၉၁၉၇ | ၅၈၈၉၄ | ၂၉ |
| ထိုင်း | ၁၂၆၅၃ | ၉၆၂၁ | ၇၁ |
| ဗီယက်နမ် | ၁၅၄၄ | ၁၄၀၆ | ၃၅ |
| ကမ္ဘောဒီးယား | ၄၄၈ | ၃၉၂ | ၀ |
| ဘရူနိုင်း | ၁၇၄ | ၁၆၉ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |

# စနစ်ကျလယ်ယာမြေ ဖော်ထုတ်နေမှု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ရေတာရှည် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၁၈ ရက်က ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု တယ်ပင်ကွင်းကျေးရွာအနီး ကွင်းအမှတ် ၆၁၆၊ ၆၁၇၊ ၆၃၀ အတွင်း တောင်သူ ၃၆ ဦးပိုင် မြေဧက ၁၀၀ ၌ စနစ်ကျ လယ်ယာမြေ ဖော်ထုတ်နေသည့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၆၄/၃ အရှေ့ဘက် ဆွာဆည်တမံ ရေပေးလက်တံမြောင်းမကြီး အမှတ် (၂) ဘေးရှိနေရာသို့ ကွင်းဆင်းကြည့်ရှုသည်။ **(အောက်ပုံ)**

စီမံကိန်းရှင်းလင်းဆောင်တွင် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ (အထက်မြန်မာပြည်) လယ်ဝေးမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းအောင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို မြေပုံနှင့်တကွ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများ မိုးရာသီကာလစပါး စိုက်ပျိုးချိန်အမီ ဆောင်ရွက်ကြရန် မှာကြားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၁၂၀၀ ဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ၆၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **သန်းလွင်**



# ပင်လောင်းမြို့နယ်ထွက် ပြောင်းများကို ဈေးနှုန်းမြှင့်ဝယ်ယူ

**နောင်တရား ဇန်နဝါရီ ၂၀**

ပင်လောင်းမြို့နယ် ရေရှည်တည်တံ့ခိုင်မြဲသော အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းဒေသ၌ စိုက်ပျိုးထားသည့် အရည်အသွေးပြည့်ဝသော စီပီအစေ့ထုတ်ပြောင်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအုပ်စု ဆည်ခေါင်းကျေးရွာ စီပီပြောင်းအဝယ်ဌာနမှ ဈေးနှုန်းမြှင့် ဝယ်ယူလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် မယ့်ဖားလုံဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အစားထိုးဖွံ့ဖြိုးရေးပရောဂျက်ဒေသအတွင်း တောင်သူများ တစ်အိမ်ထောင်လျှင် တစ်နှစ်အနည်းဆုံး ငွေကျပ်သိန်း ၄၀ ရရှိရေး ရည်ရွယ်ချက်ထား၍ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် လျှပ်စစ်မီးရရှိရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း သိရသည်။

"စီပီကုမ္ပဏီက တောင်သူတွေကို ပြောင်းမျိုးစေ့နဲ့ မြေဩဇာ အတိုးမဲ့ချပေးတယ်။ ပြောင်းစိုက်ပျိုးနည်းပညာကိုလည်း ဖြန့်ဝေပေးတယ်။ ပြောင်းစံနှုန်းနဲ့ ပတ်သက်ပြီး အရည်အသွေးတိုးတက်အောင် ရည်ရွယ်ချက်ထားပြီး ရိတ်သိမ်းခြင်းနည်းပညာတွေလည်း ဖြန့်ဝေပေးတယ်။ ပြောင်းဝယ်ယူရေး ဌာနကလည်း အပြင်ပေါက်ဈေးနဲ့ ငွေကျပ် ၃၀ ခွာပြီး တောင်သူတွေ အကျိုးအမြတ်ပိုမိုရရှိအောင် ဝယ်ယူပေးတယ်" ဟု စီပီကုမ္ပဏီအဝယ်မန်နေဂျာ ဦးခွန်ရီသန့်က ပြောသည်။

အစေ့ထုတ်ပြောင်းများကို ပြင်ပအဝယ်တော်များက တစ်ပိဿာလျှင် ငွေကျပ် ၃၇၀ ဖြင့် အမြင့်ဆုံးဝယ်ယူလျက်ရှိပြီး အစားထိုးဖွံ့ဖြိုးရေးပရောဂျက် ဒေသမှ ထွက်ရှိသည့် အရည်အသွေးကောင်းမွန်သောပြောင်းများကို စီပီကုမ္ပဏီက တစ်ပိဿာလျှင် ၄၀၅ ကျပ်ဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၅၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၅၀/၆၉၅ | ကျပ် | ၆၉၀/၇၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၆၀/၇၁၀ | ကျပ် | ၇၀၅/၇၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ | ကျပ် | ၆၉၀/၆၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၇၀ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၅ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၄ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၅ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၁ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၉၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၅၀၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၇၀၀ | ၇၁၂ | ၆၉၀၆၅၀၀ |
| MTSH | ၃၇၅၀ | ၃၇၀၀ | ၂၁၄၇ | ၇၉၆၁၂၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၂ | ၁၁၄၄၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၇၈၅ | ၂၁၁၉၅၀၀ |
| EFR | ၃၇၀၀ | ၃၆၀၀ | ၁၈၆ | ၆၇၀၂၀၀ |

ခင်ရတနာ - စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဆွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရမည်းသင်းမြို့နယ်၌ ဆိုင်ကယ် ၁၆ စီး ခိုးယူမှု ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရမည်းသင်းမြို့နယ် ရမည်းသင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၉ ရက်က မှုခင်းဖော်ထုတ်ချက်အရ ဆိုင်ကယ် ၁၆ စီး ခိုးယူသူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ (ယာပုံ)

ဖြစ်စဉ်မှာ ရမည်းသင်းမြို့မရဲစခန်း (ပ)၁၄/၂၀၂၁၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉/ ကျင့် ၅၄ အမှုမှ တရားခံ ပေါက်ကျိုင်း(ခ)ပေါက်ကြီး၊ ဖိုးလပြည့်(ခ)အကြီးကောင်နှင့် နိုင်နိုင်(ခ)ငဘော့တို့ သုံးဦးကို ရမည်းသင်းမြို့မရဲစခန်းမှ ဒုတိယရဲအုပ် အောင်လင်းထွဋ်ဦးစီးတပ်ဖွဲ့ဝင်များက စစ်ဆေးရာ



ငင်းတို့ သုံးဦးသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ရမည်းသင်းမြို့နယ်နှင့် အခြားနီးစပ်ရာ မြို့နယ်များမှ ဆိုင်ကယ် ၁၆ စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းပြီး ငင်းတို့ သုံးဦးအား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄၉ ဒသမ ၇၄၆၇ တန်၊ သစ်မာ ၈၀ ဒသမ ၉၅၇၁ တန်၊ အခြား ၄၀၆ ဒသမ ၈၆၅၁ တန်၊ စုစုပေါင်း ၆၃၇ ဒသမ ၅၆၈၉ တန်၊ ပြစ်မှုကျူးလွန်သူ ၅၉ ဦး၊ ယာဉ်/ယန္တရား ၂၆ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် မံစီမြို့နယ် ဟန်ထက်-မိုင်းခေါင်ကျေးရွာသွားလမ်း ဟန်ထက်ကျေးရွာအနီးတွင် ဇော်မင်းထွန်း(ခ) အိငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၂၀ ကို ဖမ်းဆီးရမိသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် မျောက်ဖြူကျေးရွာနေ မနှင်းခိုင်(ခ) နှင်းနှင်းခိုင်၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၆ ပြား ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်ဆီဇာကျေးရွာအနီးတွင် ဇော်ယော်အား စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ နှင့် ဆိုင်ကယ်တစ်စီးကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု နမီကျေးရွာအနီးရှိ လှသိန်း (ခ) အိုက်သိန်း၏ လယ်တဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၂ ပြား ကိုလည်းကောင်း၊ ထို့အတူ ထိုနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု လွယ်တော်ခမ်းကျေးရွာရှိ စားသောက်ဆိုင်ရှေ့တွင် လော်ပေါ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ငင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဌာနဆိုင်ရာအမည်သုံး၍ ကြောက်လန့်အောင်ပြောကာ အတင်းအဓမ္မ ထီလက်မှတ်များရောင်းခဲ့သူ လေးဦးကို အမှုဖွင့်အရေးယူ

**မုံရွာ ဇန်နဝါရီ ၂၀**

ဌာနဆိုင်ရာ အမည်သုံး၍ ကြောက်လန့်အောင်ပြောကာ အတင်းအဓမ္မ ထီလက်မှတ်များ ရောင်းခဲ့သူ လေးဦးကို ဗန်းမောက်မြို့မရဲစခန်းတွင် ပုဒ်မ သုံးခုဖြင့် အမှုဖွင့် ဖမ်းဆီးဆောင်ရွက်နေကြောင်း သိရသည်။

**ထီတစ်အုပ်စီဝယ်ယူခဲ့ကြရ**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာအုပ်စု ခေါင်းကိုက်ကျေးရွာနေ တောင်သူတစ်ဦးထံသို့ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခန့်က လူလေးဦး ရောက်လာပြီး (၂၄) ကြိမ်မြောက် ထီစာအုပ်နှစ်အုပ်ကို တစ်အုပ်လျှင် ငွေကျပ်ရှစ်သောင်းနှုန်းဖြင့် ငွေကျပ် တစ်သိန်းခြောက်သောင်း ဖိုးဝယ်ရန်ပြောရာ အဆိုပါတောင်သူက ငွေမတတ်နိုင်၍ မဝယ်နိုင်ဟု ပြောခဲ့ကြောင်း သိရသည်။ ထိုသို့ပြောရာ လူလေးဦးက ငင်းတို့မှာ ဌာနဆိုင်ရာအဖွဲ့မှ ဖြစ်ကြောင်း မဝယ်ပါက ဖမ်းဆီးအရေးယူမည်ဟု ပြောရာ အဆိုပါ တောင်သူမှာ ကြောက်လန့်ပြီး ထီနှစ်အုပ်ကို ငွေကျပ် တစ်သိန်းခြောက်သောင်းဖြင့် ဝယ်ယူလိုက်ရကြောင်း၊ တစ်ရွာတည်းနေသူ ခြောက်ဦးတို့ကလည်း ထီတစ်အုပ်စီ ဝယ်ယူခဲ့ကြရကြောင်း သိရသည်။

ဌာနဆိုင်ရာ အမည်သုံးလျက် ကြောက်လန့်အောင်ပြောကာ အတင်းအဓမ္မ ထီလက်မှတ်များ ရောင်းခဲ့သူ ဇာနည် (ခ) ဇာနည်ကျော်ထက် အပါအဝင် လေးဦးကို အရေးယူပေးပါရန် ဇန်နဝါရီ ၁၈ ရက်က ထီနှစ်အုပ် ဝယ်ခဲ့ရသည့် တောင်သူက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ဆေးဆောင်ရွက်လျက်ရှိ**

အဆိုပါအမှုတွင် ဇာနည် (ခ) ဇာနည်ကျော်ထက်၊ သိန်းဝင်း (ခ)ပြောင်ကြီးနှင့် ဌေးမောင်တို့ သုံးဦးကို ဖမ်းဆီးရမိပြီး ထွက်ပြေးသွားသူ ဇော်ဝင်းဦး (ခ) ကျစ်ကျစ်အား ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရန်ကုန်မြစ်အတွင်း သဲစုပ်ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွား

**ဒလ ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက် သမ္မတကမ်းခြေရှေ့ရေပြင်၊



ရန်ကုန်မြစ်အတွင်း၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၄ နာရီက သဲစုပ်ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့သည်။ (ဝဲပုံ)

နစ်မြုပ်ခဲ့သည့် သဲစုပ်ရေယာဉ်မှာ ရတနာမင်း အမည်ရှိ သဲစုပ်ရေယာဉ်ဖြစ်သည်။ အလျား ၇၃ ပေ၊ အနံ ၂၆ ပေ၊ ရေစူး ခုနစ်ပေရှိပြီး ရန်ကုန် မြစ်သုံးဆိုင်မှ လှိုင်သာယာစက်မှုဇုန်သို့ မြစ်ကြောင်းအတိုင်း မောင်းနှင်လာစဉ် မြစ်ရေကျချိန်ဖြစ်သည့်အတွက် ရေအောက်တွင် နစ်မြုပ်နေသည့် သင်္ဘောပျက်အပိုင်းအစဖြင့် ရေယာဉ်၏ ဝမ်းဗိုက်အား ထိခိုက်မိကာ ရေဝင် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်စဉ် အနီးပတ်ဝန်းကျင်ရှိ သမ္ဗန်များမှ လာရောက်ကူညီ ကယ်ဆယ်ခဲ့သဖြင့် လူများ ထိခိုက်ဒဏ်ရာရှိမှု မရှိကြောင်း နစ်မြုပ်ရေယာဉ်ပေါ်တွင် ရေယာဉ်မှူး ဦးမင်းမင်း (စိစစ်ဆဲ) ပါ လေးဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ဗိုလ်တထောင် မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်ယဉ်ဦး (ဒလ)**

# မသင်္ကာသူကို စစ်ဆေးရာ ဆိုင်ကယ်ခိုးမှု ပေါ်ပေါက်

**မိတ္ထီလာ ဇန်နဝါရီ ၂၀**

မိတ္ထီလာမြို့ အမှတ် (၃) နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ရန်နိုင်မြင့်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီခွဲခန့်တွင် ပြည်သာယာ (သောင်) ရပ်ကွက်အတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် မသင်္ကာဖွယ်ရာ လူတစ်ဦးကို တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ သန်းတိုးအောင် (၂၄ နှစ်) ဝန်ဇင်းရပ်ကွက် မိတ္ထီလာမြို့နေသူဖြစ်ပြီး ငင်းသည် ဝမ်းတွင်းမြို့ရှိ နေအိမ်အဆောက်အအုံ တစ်ခုအတွင်းမှ Honda ဆိုင်ကယ်တစ်စီးကို လွန်ခဲ့သော ငါးရက်ခန့်က ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေနံချောင်းမြို့၌ လက်လုပ်သေနတ်ကိုင်ဆောင်သူ တစ်ဦးအား ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဇန်နဝါရီ ၁၉ ရက်က လက်လုပ်လေသေနတ်ကိုင်ဆောင်သူ တစ်ဦးအား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ရေနံချောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ရေနံချောင်းမြို့နယ် သစ်တပွေရပ်ကွက်လမ်းမပေါ်၌ ဘေးမဲ့ကွက်သစ်ရပ်နေ သိန်းသန်း(ခ) ရဲနောင် (၃၃ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ငင်းထံမှ ပြောင်း/ ကိုယ်ထည်အရှည် ၃၇ လက်မခန့်ရှိ လက်လုပ်လေသေနတ် တစ်လက်၊ စတီးဘောစေ့ ငါးလုံးနှင့် လေထိုးတံ တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရေနံချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟံသာဝတီအသင်း ကစားသမားသစ်များအား အပြီးသတ်စာချုပ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၂၁ ရာသီအတွက် ပြင်ဆင်နေသည့် ဟံသာဝတီအသင်းသည် ခေါ်ယူထားသော ပြည်တွင်းကစားသမားများအား အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့သည်။

ဟံသာဝတီ အသင်းသည် လာမည့်ရာသီအတွက် ခေါ်ယူရန် သဘောတူညီမှု ရရှိထားသူများအနက် နောက်ခံလူ ရဲရင့်အောင်နှင့် နောက်တန်းအစွန်လူ ရဲလင်းထက်တို့ကို ဇန်နဝါရီ ၁၉ ရက်က အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီ အသင်းသည် ရဲရင့်အောင်ကို သုံးနှစ်နှင့် ရဲလင်းထက်ကို နှစ်နှစ်သက်တမ်းရှိ စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဟံသာဝတီအသင်းသည် ရှမ်းယူနိုက်တက်အသင်းနှင့် စာချုပ်ကုန်ဆုံးခဲ့သည့် တိုက်စစ်မှူး ဒွေးကိုကိုချစ်ကို ခေါ်ယူရန် ဇန်နဝါရီ ၁၉ ရက်က သဘောတူညီမှုရရှိခဲ့သည်။ ဟံသာဝတီအသင်းသည် လာမည့် ရာသီအတွက် ဂိုးသမား ပြည့်ဖြိုးအောင်၊ နောက်ခံလူ ရဲရင့်အောင်နှင့် နောက်တန်းအစွန်လူ ရဲလင်းထက်တို့ကို စာချုပ်ချုပ်ဆို ပြီးစီးသွားပြီး ကျန်ရှိသည့် ဝင်းမိုးကျော်၊ ဒွေးကိုကိုချစ်၊ နေမိုးနိုင်နှင့် အောင်မြတ်သူတို့မှာ နေရပ်ပြန်နေသောကြောင့် လေ့ကျင့်မှုစတင်သည့် အချိန်မှသာ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ၂၀၂၁ ရာသီအတွက် ပြည်တွင်းကစားသမား ခုနစ်ဦး ခေါ်ယူထားပြီး ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

### ❄ ကျောဖုံးမှ

မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းကို လာမည့်ဗုဒ္ဓဟူးနေ့တွင် ကိုပါအီတာလီယာဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့အပြင် ယူရိုပါလိဂ်ရှုံးထွက်အဆင့်ပွဲစဉ်ကိုလည်း လာမည့်ဖေဖော်ဝါရီလအတွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် အတွေ့အကြုံရင့်ကျက်သည့် တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူအားဖြည့်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ မန်ဇူကစ်သည် ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကိုနှင့် ဂျူဗင်တပ်စ် စသည့်အသင်းကြီးများတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် ၈၈ ပွဲတွင် ၄၈ ဂိုး၊ အက်သလက်တီကို မက်ဒရစ်အသင်းအတွက် ၄၃ ပွဲတွင် ဂိုး ၂၀၊ ဂျူဗင်တပ်စ်အသင်းအတွက် ၁၆၂ ပွဲတွင် ၄၄ ဂိုး သွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့အပြင် ငင်းသည် ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို၊ ဂျူဗင်တပ်စ်အသင်းတို့နှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးရရှိထားသူလည်းဖြစ်သည်။

ထို့ကြောင့် မန်ဇူကစ်အနေဖြင့် အေစီမီလန်အသင်းတွင်ရော ပွဲထွက်ကစားခွင့်ရပြီး ဂိုးများသွင်းယူကာ အောင်မြင်မှု သရဖူစိုက်ထူသွားနိုင်မလားစောင့်ကြည့်ရမည်ဖြစ်သည်။ အေစီမီလန်အသင်းသည် စီးရီးအေပွဲစဉ် (၁၉) အဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် အတ္တလန်တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် (၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၃၃)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေနှင့်အိမ်သည် ဒေါ်နွယ်နွယ်ခိုင်အမည်ဖြင့် မြေငှားဂရန်ရရှိထားရာ ဒေါ်အာရ်ဂျုံးနော ၁/မကန(နိုင်)၀၃၇၄၆၅၊ ဦးဂေါ်လူဆန်ဖုန်း ၁/မကန(နိုင်)၁၂၁၃၂၇တို့မှ မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေးနှင့် ဂရန်သက်တမ်းတိုးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြိုးသူဇာလင်း(LL.B) (စဉ်-၈၄၈၃/၂၀၁၂) | ဒေါ်ခင်မာကြည်(LL.B) (စဉ်-၁၃၂၉၀/၂၀၁၇) | ဒေါ်လွမ်းနော(LL.B) (စဉ်-၄၉၂၄၆/၂၀၁၇)

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ

"ဖြိုး"အမှုလိုက်နှင့် ဥပဒေအတိုင်ပင်ခံရုံး

အခန်းအမှတ်(၁၃)၊ မြေတိုင်းတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊

အထက(၁)ရှေ့၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့

ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၇၉၅၃၆၁၉၂၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၃/ကျောင်းကုန်း)၊ မြေကွက်အမှတ်(၅၀၁/ခ)၊မြေကွက်တည်နေရာအမှတ်(၅၀၁/ခ)၊ ကံ့ကော်လမ်း၊ကျောင်းကုန်းကျေးရွာအုပ်စု၊ရွှေပြည်သာမြို့နယ်၊ဦးဇော်မြင့်(၁၂/မဂတ(နိုင်)၀၅၃၂၉၇)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်တင်တင်ဆင့်(၉/မခန(နိုင်)၁၄၄၈၁၈)မှပါမစ်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်အဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၃/ကျောင်းကုန်း)၊ မြေကွက်အမှတ်(၅၀၁/က)၊မြေကွက်တည်နေရာအမှတ်(၅၀၁/က)၊ ကံ့ကော်လမ်း၊ကျောင်းကုန်းကျေးရွာအုပ်စု၊ရွှေပြည်သာမြို့နယ်၊ဦးပာန်ထွန်း(၁/ကတန(နိုင်)၀၁၄၂၇၆)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်တင်တင်ဆင့်(၉/မခန(နိုင်)၁၄၄၈၁၈)မှပါမစ်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်အဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် (ပြင်စျေးတောင်ရပ်)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ ၀ဒသမ၀၈၃ ဧကမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဒေါ်ဝင်းစုစံမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ဇော်ဝင်းလတ်)

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

ရွှေဘိုမြို့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၁)၊ သီရိလမ်း၊ အကွက်အမည် ၉-ဂ-၂၊ အောင်ဇေယျ၊ ဦးပိုင်အမှတ်(၁၅၁) ပေါ်တွင် (အလျား ၃၀'- ၀"x အနံ ၂၇'-၀") RC(၁)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် ၎င်းမြေကွက်အား ပိုင်ဆိုင်သူ ဦးသန်းအေး ၉/မထလ(နိုင်)၂၁၆၉၃၃ မှ လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ နယ်မြေ(၁၀)၊ ချယ်ရီလမ်း၊ ကွင်းအမှတ်နှင့်အမည်(၁၀/က၊သီရိမင်္ဂလာ)၊ ဦးပိုင်အမှတ်(၈၂)၊ မြေကွက်အမှတ်(၉၂)၏ အရှေ့ဘက်ဆုံးအပိုင်း (အလျား ၆၀'-၀" x အနံ ၁၃'-၆") အတိုင်းအတာရှိသည့်မြေနေရာတွင် (အလျား ၃၅'-၀"xအနံ ၁၂'-၀") နံကပ်(၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် ၎င်းမြေကွက်အား ပိုင်ဆိုင်သူ ဒေါ်နီနီ ၉/မထလ(နိုင်)၀၅၆၇၂၁ မှ လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ တိုက်အမှတ် (၇၂၀/ခ)၊ (၇၂၁/က)၊ အခန်းအမှတ် (၇၀၁)ဟု ခေါ်တွင်သော နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၏ ခုနစ်လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (အလျား ၅၄ပေxအနံ ၁၉ပေ)ရှိ မီနီကွန်ဒိုတိုက်ခန်း တစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲလင်းဇော် ၁၂/မရက(နိုင်)၁၀၈၃၉၆နှင့် ဒေါက်တာခိုင်ဝေမွန် ၁၂/တမန(နိုင်)၀၉၇၃၉၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ သက်သေအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ပိုင်ဆိုင်ခွင့်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇)

LL.B, D.B.L

တရားလွှတ်တော်ရှေ့နေ

တိုက်-၄၆၊ ဒုတိယထပ်၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၀၇၀၄၂

## အများပြည်သူသိရှိစေရန်

ဆရာဦးသံနိုင်(သမြားနီဆေး) ကတိသစ္စာအမှတ်တံဆိပ်၊ ကတိသစ္စာဆေးဝါးထုတ်လုပ်ဖြန့်ချိရေး၊ သမြားနီဆေးတိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဆရာ ဦးသံနိုင် ၁၄/ပသန(နိုင်)၁၄၁၉၃၃ သည် ကတိသစ္စာအမှတ်တံဆိပ်နှင့် သမြားနီဆေးအပါအဝင် ဆေးဝါးအမျိုးမျိုးတို့ကို ၂၀၁၅ ခုနှစ်မှစ၍ တရားဝင်ထုတ်လုပ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ပပဝင်းလမ်း၊ အမှတ် (၁၀၉/က)၊ ဖုန်း- ၀၉- ၄၂၀၃၆၈၂၅၊ ၀၉-၉၆၄၉၂၉၃၅၇ ၌ သမြားနီဆေးတိုက် ဖွင့်လှစ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပြီး မြို့နယ်အသီးသီး၌ ကိုယ်စားလှယ်များ ထားရှိဖြန့်ဖြူးရောင်းချလျက်ရှိသည်။

၂။ ယခုအခါ ကတိသစ္စာအမှတ်တံဆိပ်ကို အတုအပပြုလုပ်၍ သမြားနီဆေးဝါးအတုများ ဈေးကွက်အတွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိ ကြောင်း အထောက်အထားများနှင့်တကွ တွေ့ရှိရပါသဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးရုံးရှေ့မှောက်၌ နောက်နောင်မပြုလုပ်ရန် သတိပေးဝန်ခံချက်ရရှိပြီးဖြစ်ပါသည်။ အတုအပ ဆက်လက်ပြုလုပ်ရောင်းချပါက စပ်ဆိုင်သူအားလုံးအား ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၃။ ထို့ကြောင့် သမြားနီဆေးဝါးအစစ်အမှန်ကို သုံးစွဲနိုင်ရန်အတွက် သုံးစွဲသူများနှင့် ရောင်းချသည့် ကိုယ်စားလှယ်များသည် ဆရာ ဦးသံနိုင်၏ သမြားနီဆေးတိုက်ပင်ရင်းနှင့်သာ တိုက်ရိုက် ဆက်သွယ်ဝယ်ယူသုံးစွဲကြပါရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဆွေညိမ်း (LL.B, D.B.L, D.A.Psy)

တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၃၀/၈၆)

ဒေါ်ဇင်မာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၄၈/၂၀၁၅) | ဦးကောင်းထက်ဇော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၈၉/၂၀၁၉)

Shwe Taung Yarzar Law Firm

အမှတ် ၁၄၅၊ ပထမထပ်၊ ၃၇လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၀၉- ၅၀၈၂၂၃၄၊ ၀၉- ၄၅၆၀၀၂၈၂၉၊ ၀၉-၄၂၁၁၅၉၁၀၇

## ဖောင်းကြွ ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/5995 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြဝတီ)

## ပြင်ဆင်ဖတ်ရှုပါရန်


၁၈-၁-၂၀၂၁ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၈)ပါ ကန့်ကွက်နိုင်ပါကြောင်း မင်္ဂလာဒုံမြို့နယ် ကြော်ငြာတွင် ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ဦးရဲလင်း(ဘ)ဦးရွှေ ၁၂/လကန(နိုင်)၁၈၆၅၇၄ နှင့် ဒေါ်ခင်ရတနာစိုး(ဘ)ဦးစိုးမောင် ၁၂/လကန(နိုင်)၂၅၈၄၂၅ တို့သည် ၆-၁၁-၂၀၁၇ ရက်တွင် လှည်းကူးမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီး ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြွင်းလင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ရတနာစိုး

အမှတ်(၃) ရပ်ကွက်၊ မင်းကုန်းစံပြကျေးရွာ၊ လှည်းကူးမြို့


ဆီးကျိတ်ကင်ဆာ

ဒေါက်တာခင်မောင်လွင် (FAME)

